မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ တပေါင်းလဆန်း ၁ ရက်၊ ၂၀၁၀ခုနှစ်၊ ဖေဖော်ဝါရီ ၁၃ ရက်၊ စနေနေ့၊ အတွဲ (၄၉)၊ အမှတ် (၁၃၆)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်	စီးပွားရေး ဦးတည်ချက်(၄)ရပ်	လူမှုရေး ဦးတည်ချက်(၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး	* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး	* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး	* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကောင်းမွန်သောအနာဂတ်ကို ဖော်ဆောင်နိုင်မည့် လွှတ်တော်ကိုယ်စားလှယ်လောင်း အသီးသီးတို့အား ရွေးကောက်နိုင်ရန် ဆုံးဖြတ်ကြရမည်

နိုင်ငံတော်သစ်ကို တည်ဆောက်ရန်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို တိုင်းရင်းသားတို့က တစ်ခဲနက် ထောက်ခံအတည်ပြုခဲ့ကြပြီးနောက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အရ ယခုနှစ်တွင် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲများကို ကျင်းပမည်ဖြစ်ပေသည်။ တိုင်းရင်းသားပြည်သူအပေါင်းတို့သည် ရွေးကောက်တင်မြှောက်ခွင့်နှင့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်တို့ကို ရရှိကြတော့မည်ဖြစ်ရာ နိုင်ငံသားတို့၏ ကောင်းမွန်သောအနာဂတ်ကို ဖော်ဆောင်နိုင်မည့် လွှတ်တော်ကိုယ်စားလှယ်လောင်း အသီးသီးတို့အား ရွေးကောက်နိုင်ရန် အများဆန္ဒဖြင့် ဆုံးဖြတ်ကြရမည် ဖြစ်ပေသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာမှ-

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် တည်ခင်းဧည့်ခံသော (၆၃) နှစ်မြောက် ပြည်ထောင်စုနေ့ ဧည့်ခံပွဲနှင့် ညစာစားပွဲ နေပြည်တော် မြို့တော်ခန်းမရင်ပြင်၌ ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၂

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့က တည်ခင်းဧည့်ခံသော ၂၀၁၀ခုနှစ် (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ဧည့်ခံပွဲနှင့် ညစာစားပွဲကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ မြို့တော်ခန်းမရင်ပြင်၌ ကျင်းပသည်။

စာမျက်နှာ ၃ ကော်လံ ၁ ✻

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များ ၂၀၁၀ ခုနှစ် (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ ဧည့်ခံပွဲနှင့် ညစာစားပွဲသို့ တက်ရောက်လာကြသည့် ပြည်နယ်နှင့်တိုင်း အသီးသီးတို့မှ ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များနှင့် တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များ၊ လူမှုရေး အသင်းအဖွဲ့ဝင်များနှင့် အထူးဧည့်သည်တော်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ထူးခြားသည့် ညအပူချိန်
၁၂-၂-၂၀၁၀

လွိုင်လင်မြို့	၀ ဒီဂရီစင်တီဂရိတ်	ပူတာအိုမြို့	၄ ဒီဂရီစင်တီဂရိတ်
ဟားခါးမြို့	၁ ဒီဂရီစင်တီဂရိတ်	လားရှိုးမြို့	၄ ဒီဂရီစင်တီဂရိတ်
နမ့်စန်မြို့	၂ ဒီဂရီစင်တီဂရိတ်	ဟဲဟိုးမြို့	၄ ဒီဂရီစင်တီဂရိတ်

သာယာမည်

နေပြည်တော်နှင့် အနီး တစ်ဝိုက်တွင် ယနေ့ သာယာမည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၀ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်)

သွင်းကုန်အစားထိုး ကုန်ထုတ်လုပ်ငန်းများ တိုးမြှင့်ရေးကြိုးပမ်းစွမ်းဆောင်

နိုင်ငံတော်အစိုးရသည် နိုင်ငံတကာနှင့်ရင်ပေါင်တန်းပြီး ဖွံ့ဖြိုးရေးအတွက် အမျိုးသားစီးပွားရေးစီမံကိန်းများချမှတ်ပြီး စက်မှုကဏ္ဍဖွံ့ဖြိုးရေးအတွက် အရှိန်အဟုန်မြှင့် ကြိုးပမ်းဖော်ဆောင်လျက်ရှိသည်။

အမှတ်(၂)စက်မှုဝန်ကြီးဌာန အမှတ်(၂) တာယာနှင့်ရော်ဘာပစ္စည်းထုတ်လုပ်မှုစက်ရုံ(ဘီးလင်း) ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီလ ၁၀ရက်နေ့က အဆိုပါစက်ရုံ၌ ကျင်းပခဲ့သည်။ ယင်းစက်ရုံသည် မွန်ပြည်နယ် ဘီးလင်းမြို့နယ် ရန်ကုန်-မော်လမြိုင် ကားလမ်းမကြီး၏ မိုင်တိုင်အမှတ် ၁၂၂ အနီးတည်ရှိသည်။

စက်ရုံ၏ မူလစက်တပ်ဆင်မှု စွမ်းအားအရ လူစီးမော်တော်ယာဉ် တာယာအမျိုးအစား ၁၁မျိုးကို တစ်နှစ်လျှင် အလုံးရေသုံးသိန်း၊ တန်ချိန်အားဖြင့် ၂၆၀၈တန် ထုတ်လုပ်မည့်အပြင် စက်မှုလုပ်ငန်းသုံး အဆင့်မြင့်ရော်ဘာပစ္စည်းများဖြစ်သည့် ဖိအားမြှင့်ရော်ဘာပိုက်၊ ဆေးရုံသုံးလက်အိတ်များနှင့် အခြားစက်မှုလုပ်ငန်းသုံး ရော်ဘာပစ္စည်းများကိုလည်း ထုတ်လုပ်ရန်စီစဉ်ထားသည်။

စက်ရုံအတွင်း တာယာထုတ်လုပ်မှု လုပ်ငန်းအဆင့်ဆင့်ရှိပြီး ထုတ်လုပ်မှုဆိုင်ရာ အဆောက်အအုံများ၊ သိုလှောင်ရုံများအပြင် စက်ရုံဝင်းအတွင်း၌ ရော်ဘာစိုက်ခင်းများကိုပါ စိုက်ပျိုးထားရှိခြင်းသည် စက်ရုံ၏ ထူးခြားမှုတစ်ခုဖြစ်သည်။ ရော်ဘာသည် စက်မှုကုန်ကြမ်းသီးနှံတစ်မျိုးဖြစ်ပြီး ယနေ့နိုင်ငံတကာဈေးကွက်တွင် အရောင်းတွင်ကျယ်သည့် ပစ္စည်းတစ်မျိုးဖြစ်သည်။

ယခုအခါ အမှတ်(၂)တာယာနှင့်ရော်ဘာပစ္စည်းထုတ်လုပ်မှုစက်ရုံ(ဘီးလင်း)တွင် စက်ရုံသုံး ကုန်ကြမ်းပစ္စည်းကို ယှဉ်တွဲစိုက်ပျိုးထားရှိခြင်းဖြင့် စက်ရုံအတွက် ကုန်ကြမ်းအလွယ်တကူ ရရှိနိုင်မည်ဖြစ်သည်။

နိုင်ငံတော်၏ စီးပွားရေး အရှိန်အဟုန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ရာတွင် ပြည်ပသွင်းကုန်အစားထိုး ကုန်ထုတ်လုပ်ငန်းများ တိုးတက်ဖြစ်ထွန်းရန် နိုင်ငံတော်က ဖြည့်ဆည်းပေးလျက်ရှိရာ စက်ရုံများ စွမ်းအားပြည့်လည်ပတ်ရေး၊ အရည်အသွေးရှိသော ကုန်ပစ္စည်း ထုတ်လုပ်ရေးနှင့် ကုန်ထုတ်လုပ်ငန်းများ လျာထားချက်ပြည့်မီရေးတို့ကို စက်ရုံဝန်ထမ်းများက အားကြိုးမာန်တက် ကြိုးပမ်းစွမ်းဆောင်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၃-၂-၂၀၁၀
(စနေနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ တရားတော်
- ၇း၁၀ ၃။ ဓမ္မပူဇာတေး
- ၇း၂၀ ၄။ မျိုးချစ်တပ်မတော်
- ၇း၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၆။ မြန်မာသံစဉ် ချိုနားဝင်
- ၇း၄၅ ၇။ **မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
- ၇း၅၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၉။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

- ၁၁း၀၀ ၁။ မြဝတီအဖွင့်
- ၁၁း၀၅ ၂။ အဖွင့်သီချင်း
- ၁၁း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၁၁း၂၅ ၄။ ကာတွန်းအစီအစဉ် **လပြည့်ညရဲ့ စိန်ခေါ်သံ** (အပိုင်း-၂၃)
- ၁၂း၀၀ ၅။ မြဝတီရုပ်မြင်ပေါ်က ရုပ်ရှင် **ပြောတိုင်းယုံတဲ့ ပုတ်သင်ညို** လူမင်း၊ နန္ဒာလှိုင် (ဒါရိုက်တာ-ကိုဇော်-အရုဏ်ဦး)
- ၁၃း၃၀ ၆။ ကျန်းမာသုတ
- ၁၄း၀၀ ၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကြင်နာသူရဲ့ ချစ်ရိပ်** (အပိုင်း-၈)

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ ချစ်သူစုံတွဲ တူယှဉ်နွဲ့
- ၄း၂၀ ၄။ မြန်မာသံစဉ် ချိုနားဝင်
- ၄း၃၀ ၅။ မျိုးချစ်တပ်မတော်
- ၄း၃၅ ၆။ အမျိုးသားရေးတေးကဗျာ
- ၅း၀၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅း၄၀ ၈။ ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
- ၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၂၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၆း၂၅ ၁၁။ လျှပ်တစ်ပြက်
- ၆း၃၀ ၁၂။ **စားဖိုဆောင်ချစ်သူ**
- ၆း၄၅ ၁၃။ ထူးခြားဆန်းပြား ကမ္ဘာ့တစ်လွှား
- ၇း၀၀ ၁၄။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **နှလုံးသားမှတ်တမ်း** (အပိုင်း-၁၈)
- ၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ နိုင်ငံတကာသတင်း
- ၁၇။ မိုးလေဝသသတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ အင်္ဂလိပ်စာသုတ
- ၂၀။ လူရွှင်တော်စတား
- ၂၁။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကြည်နူးဖွယ်ရာ မျိုးကညာ** (အပိုင်း-၁၁)

ဆူဒန်နှင့်ချဒ်ရန်လိုမှုများ အဆုံးသတ်ရန် သဘောတူညီမှုရရှိ

ခါတွန် ဖေဖော်ဝါရီ ၁၂

ဆူဒန်နှင့်ချဒ်နိုင်ငံသမ္မတများသည် ယင်းတို့နှစ်နိုင်ငံအကြား နှစ်ပေါင်းများစွာဖြစ်ပွားခဲ့သော ရန်လိုမှုများအဆုံးသတ်ရေးအတွက် ယခင်က သတ်မှတ်ခဲ့သည့် အဆင့်သတ်မှတ်ချက်များစွာအပေါ် ပြန်လည်စဉ်းစားရန် မကြုံဖူးခဲ့သည့် သဘောတူညီမှုများ ရရှိသွားပြီဖြစ်သည်။ ဆူဒန်သမ္မတအိုမာအယ်ဘာရှာနှင့် ချဒ်သမ္မတ အိုင်ဒရစ်ဒက်ဘီတို့သည် ခါတွန်မြို့၌ တွေ့ဆုံဆွေးနွေးကြပြီးနောက် နှစ်နိုင်ငံ ပုံမှန်ဆက်ဆံရေး ပြုလုပ်သွားရန် ဖေဖော်ဝါရီ ၉ ရက်က သဘောတူညီလိုက်ကြခြင်းဖြစ်သည်။

တွေ့ဆုံ

ဆူဒန်နှင့် ချဒ်ဆက်ဆံရေးစာမျက်နှာသစ် ဖွင့်နိုင်ရေးအတွက် စိတ်ရင်း စေတနာကောင်းဖြင့် လက်ကမ်းပြီး ရောက်ရှိလာခြင်းဖြစ်ကြောင်း ချဒ်သမ္မတက ဆူဒန်မြို့တော်၌ ကျင်းပသည့် ချဒ်နှင့် ဆူဒန်အမျိုးသားများတွေ့ဆုံပွဲတွင် ပြောကြားသည်။

အကူအညီပေး

ချဒ်နိုင်ငံနှင့် နယ်ချင်းဆက်စပ်နေသော ဆူဒန်နိုင်ငံ ဒါဖာဒေသ ပဋိပက္ခကြောင့် ထိခိုက်ခံရသူများကို အကူအညီပေးမည့် ပူးတွဲ စီမံကိန်းတစ်ရပ်ချမှတ်ရန် စီစဉ်နေကြောင်း နှစ်နိုင်ငံခေါင်းဆောင်များက ပြောကြားသည်။ (အင်တာနက်)

ကတ္တရာလမ်းခင်း

ပခုက္ကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၉-၂၀၁၀ဘဏ္ဍာရေးနှစ်တွင် အဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ပခုက္ကူမြို့ အမှတ်(၁၁) ရပ်ကွက် လမ်း၂၀အား ကတ္တရာလမ်းခင်းရန်အတွက် ကျောက်ကြီးစီ လမ်းပုံဖော်နေမှုကို အမှုဆောင်အရာရှိ (ဒုတိယညွှန်ကြားရေးမှူး) ဦးသက်ပိုင် ကွင်းဆင်းစစ်ဆေးရာ အင်ဂျင်နီယာမှူး ဦးဇော်မျိုးထွေးနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးရဲမင်းအောင်တို့က ရှင်းလင်းတင်ပြကြစဉ်။ (မြို့နယ်စည်ပင်)

နိုင်ငံတကာသတင်းများ

ဘရပ်ဆယ်လ်တွင် နှင်းများထူထပ်စွာကျဆင်း အီးယူထိပ်သီးအစည်းအဝေး ရွှေ့ဆိုင်းရ

ဘရပ်ဆယ်လ် ဖေဖော်ဝါရီ ၁၂

ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆယ်လ်မြို့၌ ဖေဖော်ဝါရီ ၁၁ရက်ကစတင်ရန် စီစဉ်ထားသည့် ဥရောပသမဂ္ဂ(အီးယူ) ထိပ်သီးအစည်းအဝေးကို နှင်းများထူထပ်စွာကျနေသဖြင့် ရွှေ့ဆိုင်း လိုက်ရသည်။ ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာကဲနှင့် ဂရိဝန်ကြီးချုပ် ပါပန်ဒရီယိုတို့ ဥရောပကောင်စီအဆောက်အအုံသို့ ရောက်ရှိလာကြသော်လည်း ထိပ်သီးအစည်းအဝေးကို အနီးရှိ စာကြည့်တိုက်ဟောင်း အဆောက်အအုံ၌ ကျင်းပရန် စီစဉ်လိုက်သည်ဟုဆိုသည်။ ဂရိနိုင်ငံ လိုငွေပြမှု အကျပ်အတည်းကို နှစ်နိုင်ငံဆွေးနွေးကြကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

သိန်းနီမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သော တောကျောင်းလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၂၈ရက်က အဆိုပါမုခ်ဦး၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးရဲထွဋ်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးခင်စောတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (ပြန်/ဆက်)

A(H1N1)ပိုးရှိသူလူနာများ ထပ်မံတွေ့ရှိ ရောဂါကူးစက်ပြန့်ပွားမှု ထိန်းချုပ်နိုင်ရန် တာဝန်ရှိသူများက ပူးပေါင်းဆောင်ရွက်လျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၁၂

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့၌ ဖေဖော်ဝါရီ ၉ရက်က တုပ်ကွေးဖြစ်ပွားသူများရှိကြောင်း သတင်းရရှိသဖြင့် ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဦးဆောင်သောအဖွဲ့က ကွင်းဆင်းစစ်ဆေးခဲ့ရာ တုပ်ကွေးရောဂါလက္ခဏာရှိသူ ၁၁ဦးအား တွေ့ရှိခဲ့သည်။ ၎င်းတို့အနက်မှ အမျိုးသားငါးဦး၏ ဓာတ်ခွဲနမူနာများကို ဖေဖော်ဝါရီ ၁၁ရက်တွင် ဓာတ်ခွဲစစ်ဆေးခဲ့ရာ ဓာတ်ခွဲနမူနာ ငါးခုစလုံးတွင် New Influenza A(H1N1)ပိုး တွေ့ရှိခဲ့သည်။ ပိုးတွေ့ရှိသူများအား ကျောက်မဲပြည်သူ့ဆေးရုံ၌ သီးခြားခွဲခြားထားရှိကာ ဆေးကုသမှုပေးလျက်ရှိပြီး လူနာနှင့်အနီးကပ်ထိတွေ့သူများအား အိမ်တွင်ပင် စောင့်ကြပ်ကြည့်ရှုလျက်ရှိသည်။

စောင့်ကြပ်ကြည့်ရှု

ဖေဖော်ဝါရီ ၉ရက်က ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ်၌ ရောဂါပိုးရှိသူ လေးဦး တွေ့ရှိကြောင်း သတင်းဖော်ပြခဲ့ပြီးဖြစ်သည်။ ဖေဖော်ဝါရီ ၁၁ရက်တွင် နောက်ထပ် New Influenza A(H1N1)ပိုးရှိ လူနာတစ်ဦး ထပ်မံတွေ့ရှိရသည်။ ယင်းပိုးရှိ အတည်ပြုလူနာများနှင့်ဆက်စပ်နေအိမ်များမှ မိသားစုဝင်များအား သီးခြားခွဲခြားထားရှိခြင်း(Quarantine) ပြုလုပ်လျက် ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ရန်ကုန်တိုင်း ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တွင်ဖြစ်ပွားခဲ့ပြီး ဆေးရုံ၌ အတွင်းလူနာအဖြစ် ကုသပေးနေသော ပိုးရှိလူနာနှင့် သံသယလူနာ စုစုပေါင်း ၄၇ဦး၏ အခြေအနေမှာ ကောင်းမွန်လျက်ရှိပြီး သေဆုံးသူမရှိကြောင်း၊ ရောဂါကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရန် ကျန်းမာရေးဦးစီးဌာန၊ ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနနှင့် ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာနတို့မှ ပညာရှင်များသည် ဒေသဆိုင်ရာ အာဏာပိုင်များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

ပူးပေါင်းဆောင်ရွက်

ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ဗဟိုနှင့်ဒေသဆိုင်ရာအာဏာပိုင်များ ပူးပေါင်း၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထုအတွင်း ရောဂါကူးစက်မှုမရှိစေရေးအတွက် ကျန်းမာရေးဝန်ကြီးဌာန၏ ကမ္ဘာ့လူတုပ်ကွေး ကပ်ရောဂါ ကာကွယ်ရေး သတိပေးနှိုးဆော်ချက်များကို တိကျစွာလိုက်နာဆောင်ရွက်ကြရန်နှင့် ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက တိုက်တွန်းနှိုးဆော်ထားသည်။

(သတင်းစဉ်)

✻ ရှေ့ဖုံးမှ

ကြိုဆို

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် ၂၀၁၀ခုနှစ် (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ဧည့်ခံပွဲနှင့် ညစာစားပွဲကျင်းပသည့် နေပြည်တော်ရှိ မြို့တော်ခန်းမရင်ပြင်သို့ ညနေ ၆ နာရီခွဲတွင် ရောက်ရှိလာကြရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်၊ ၂၀၁၀ခုနှစ် (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ၂၀၁၀ခုနှစ် (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ၂၀၁၀ခုနှစ် (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ဧည့်ခံပွဲနှင့် ညစာစားပွဲသို့ တက်ရောက်လာကြသည့် ပြည်နယ်နှင့် တိုင်းအသီးသီးတို့မှ ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များနှင့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အဖွဲ့ဝင်များ၊ လူမှုရေး အသင်းအဖွဲ့ဝင်များနှင့် အထူးဧည့်သည်တော်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင်တို့သည် အခမ်းအနားသို့ တက်ရောက်လာကြသည့် ဧည့်သည်တော်များအား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

တက်ရောက်

အဆိုပါ ၂၀၁၀ ခုနှစ် (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ဧည့်ခံပွဲနှင့် ညစာစားပွဲသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီးဒေါ်မြမြစန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့်ဇနီးဒေါ်ခင်လေးသက်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်နှင့်ဇနီးဒေါ်ခင်ခင်ဝင်း၊ ၂၀၁၀ခုနှစ် (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့်ဇနီး ဒေါ်ခင်စောနှင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့်ဇနီး ဒေါ်ကြည်ကြည်အုန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်နှင့် ၎င်းတို့၏ဇနီးများ၊ ၂၀၁၀ခုနှစ် (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေး ဗဟိုကော်မတီဝင်များ၊ စီမံခန့်ခွဲမှု ကော်မတီဝင်များ၊ ဒုတိယဝန်ကြီးများ၊ ရဲချုပ်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် အစိုးရအဖွဲ့ရုံးတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်နယ်နှင့်တိုင်းအသီးသီးတို့မှ ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များနှင့် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

၂၀၁၀ခုနှစ် (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ဧည့်ခံပွဲနှင့် ညစာစားပွဲ မကျင်းပမီနှင့် ညစာသုံးဆောင်နေစဉ်အတွင်း ဧည့်သည်တော်များအား မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့က ပဏာမ ဧည့်ခံတီးလုံးဖြင့်လည်းကောင်း၊ မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့နှင့်တွဲဖက်၍ ပြည်ထောင်စု တိုင်းရင်းသား တိုင်းရင်းသူများနှင့် တေးသံရှင်များက တေးသံသာများဖြင့်လည်းကောင်း ဧည့်ခံဖျော်ဖြေကြသည်။

ဧည့်ခံဖျော်ဖြေ

ညစာစားပွဲအပြီးတွင် နေပြည်တော် မြို့တော်ခန်းမ လဟာပြင်ကဇာတ်ရုံ၌ ကချင်ပြည်နယ်မှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့က ''ပြည်ထောင်စုရဲ့အမိဌာန်''ရိုးရာအက၊ ကယားပြည်နယ်မှ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့က ''ပြည်ထောင်စုရဲ့ သွေးချင်းများ'' ရိုးရာအက၊ ကရင်ပြည်နယ်မှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့က ''နိုင်ငံသစ်ဆီ ဒို့လှမ်းချီ'' ရိုးရာအက၊ ချင်းပြည်နယ်မှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့က ''ပြည်ထောင်စုပန်းတိုင်'' ရိုးရာအက၊ စစ်ကိုင်းတိုင်းမှ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့က ''လှသောဌာနေ ဇေယျာရွှေမြေ'' ရိုးရာအက၊ တနင်္သာရီတိုင်းမှ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့က ''ပြည်ထောင်စုနေ့ သမိုင်းသစ်အောင်ပွဲ'' ရိုးရာအက၊ ပဲခူးတိုင်းမှ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့က ''ဂန္ဓဝင်အလှသစ္စာ'' ရိုးရာအက၊ မကွေးတိုင်းမှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့က ''စည်းလုံးချစ်ကြည် လက်တွဲညီ'' ရိုးရာအက၊ မန္တလေးတိုင်းမှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့က ''ညီညာစေ'' ရိုးရာအက၊ မွန်ပြည်နယ်မှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့က ''ရာမညအလှ ယိမ်းအက'' ရိုးရာအက၊ ရခိုင်ပြည်နယ်မှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့က ''ဖွံ့ဖြိုးဝေဝေ ရခိုင်ပြည်နယ်'' ရိုးရာအက၊ ရန်ကုန်တိုင်းမှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့က ''ပြည်ထောင်စု၏ ထာဝရအလှများ'' ရိုးရာအက၊ ရှမ်းပြည်နယ်မှ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့က ''စည်းလုံးညီညီ ရှေ့သို့ချီ'' ရိုးရာအကနှင့် ဧရာဝတီတိုင်းမှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့က ''ဒို့ပြည်ထောင်စု ပန်းချီ'' ရိုးရာအကတို့ဖြင့် ဧည့်ခံဖျော်ဖြေတင်ဆက်ကြသည်။ **(သတင်းစဉ်)**

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား

ထိုင်းနိုင်ငံဧည့်သည်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၁၂

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား ထိုင်းနိုင်ငံ THAICOM Public Company Limited မှ ဒုတိယဥက္ကဋ္ဌ Mr. Makin Petplai နှင့်အဖွဲ့သည် ယနေ့ မွန်းလွဲ ၁နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံကြသည်။ **(အပေါ်ပုံ)**

တက်ရောက်

ယင်းသို့ တွေ့ဆုံရာတွင် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့်အတူ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲထွဋ်၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ငြိမ်း၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်း၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်နှင့် ရုံးအဖွဲ့မှူး ဦးမြင့်ထွေးတို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၃-၂-၂၀၁၀ (စနေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ **အောင်တော်မူ** စောမင်းနောင်၊ စိုင်းညီမင်း (တေးရေး- ဗိုလ်ကလေးတင့်အောင်)
- ၇:၅၀ ၅။ တေးသရုပ်ဖော်အစီအစဉ်
- ၈:၀၀ ၆။ ကဗျာပန်းဥယျာဉ်
- ၈:၁၀ ၇။ သံသာချို အေးမင်္ဂလာတေး
- ၈:၂၀ ၈။ အတီးပြိုင်ပွဲ
- ၈:၃၀ ၉။ စက္ကူနှင့်ပျော့ဖတ်စက်ရုံ (သာပေါင်း)
- ၈:၄၀ ၁၀။ International News
- ၈:၄၅ ၁၁။ တေးဂီတအစီအစဉ်
- ၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁:၂၅ ၃။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၁:၅၀ ၄။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
- ၁၂:၄၀ ၅။ Yan Can Cook
- ၁၃:၀၀ ၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **ဟာသကမ္ဘာ**(အပိုင်း- ၇၁)
- ၁၄:၀၀ ၇။ ကလေးများ၏ကျန်းမာဖွံ့ဖြိုးရေး
- ၁၄:၂၀ ၈။ ငွေသောင်ယံကမ်းအလှပန်းချီ ချောင်းသာဆီ
- ၁၄:၃၀ ၉။ ရိုးသားစွာကြိုးစားပါ
- ၁၄:၅၅ ၁၀။ International News
- ၁၅:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၀ ၂။ တေးဂီတအစီအစဉ်
- ၄:၂၀ ၃။ အတီးပြိုင်ပွဲ
- ၄:၃၀ ၄။ ဝါသီးက ရွှေသီးဖြစ်ပြီ
- ၅:၀၀ ၅။ (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
- ၅:၁၀ ၆။ ၂၀၁၀ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲဘာသာရပ်ဆိုင်ရာ သင်ခန်းစာ(စိတ်ကြိုက် မြန်မာစာ ဘာသာရပ်)
- ၅:၃၅ ၇။ မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေးတေးများ
- ၅:၄၅ ၈။ ရုပ်မြင်ရသတေးစုကဏ္ဍ
- ၆:၀၀ ၉။ ညနေခင်းသတင်း
- ၆:၁၅ ၁၀။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၁၁။ အလှရှာမယ်လှကမ္ဘာဝယ်
- ၆:၅၀ ၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **တော်ဝင်နှလုံးသား** (အပိုင်း-၁၁)
- ၇:၄၀ ၁၃။ ပြည်ထောင်စုစိတ်ဓာတ် မပြတ် ရင့်သန်ခိုင်မာရန်မှာ ဒို့ဝန်တာ (အသီးတစ်ရာအညှာတစ်ခု ဒို့ပြည်ထောင်စု)
- ၈:၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ ကာတွန်းအစီအစဉ် **ဒိုင်နိုဆောမိသားစုစွန့်စားခန်း** (ဇာတ်သိမ်းပိုင်း)
- ၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **ရွှေဖူးစာလည်** (အပိုင်း-၆)
- ၁၉။ ဂီတတံခါးလေးဖွင့်ပါဦး
- ၂၀။ အစီအစဉ်ပြီး၏။

တက်ရောက်လာကြသူများ

၂၀၁၀ခုနှစ် (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ ဧည့်ခံပွဲနှင့် ညစာစားပွဲသို့ တက်ရောက်လာကြသည့် ပြည်နယ်နှင့်တိုင်းအသီးသီးတို့မှ ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များနှင့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် အထူးဧည့်သည်တော်များအား တွေ့ရစဉ်။ (သတင်းစဉ်)

13-2 (03).pmd 1 2/13/2010, 1:47 AM

■ *ကျော်ဖုံးမှ*

ပူးပေါင်းကာကွယ်တားဆီးရေး၊ တိုင်းရင်းသားပြည်သူများ၏ တစ်ခဲနက် ထောက်ခံမှုဖြင့် အတည်ပြုခဲ့သော နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စု တိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေးဟူသော (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေး ဦးတည်ချက်(၅)ရပ်နှင့်အညီ အနှစ်သာရပြည့်ဝစွာ ကျင်းပသည့် ၂၀၁၀ ခုနှစ် (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော် အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြို့တော်ခန်းမ ဥပစာရင်ပြင်၌ ကျင်းပရာ ၂၀၁၀ခုနှစ် (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး

၂၀၁၀ခုနှစ် (၆၃) နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော် အလံတင် အခမ်းအနားကို နေပြည်တော် မြို့တော်ခန်းမ ဥပစာရင်ပြင်၌ ကျင်းပစဉ်။
(သတင်းစဉ်)

၂၀၁၀ခုနှစ် (၆၃) နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင် အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။
(သတင်းစဉ်)

၂၀၁၀ခုနှစ် (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော် အလံတင် အခမ်းအနားကို နေပြည်တော် မြို့တော် ခန်းမဥပစာရင်ပြင်၌ကျင်းပရာ ပြည်နယ်နှင့် တိုင်းများမှ တိုင်းရင်းသားများ တက်ရောက်အလေးပြုကြစဉ်။
(သတင်းစဉ်)

တက်ရောက်၍ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံမှ ၂၀၁၀ ခုနှစ် (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာကို ဖတ်ကြားသည်။

တက်ရောက်

အဆိုပါ အခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ၂၀၁၀ခုနှစ် (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ စာရင်းစစ်ချုပ်၊ နေပြည်တော်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ၂၀၁၀ခုနှစ် (၆၃) နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေး ဗဟိုကော်မတီဝင်များ၊ စီမံခန့်ခွဲမှုကော်မတီဝင်များနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ဝန်ကြီးဌာနများမှ ရုံးအဖွဲ့မှူးများ၊ နေပြည်တော်ခရိုင်၊ နေပြည်တော်ပျဉ်းမနားမြို့နယ်နှင့် ရပ်ကွက်၊ ကျေးရွာအုပ်စုများမှ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ ပညာရေးမှူးများ၊ ပြည်နယ်နှင့်တိုင်းများမှ ၂၀၁၀ခုနှစ် (၆၃) နှစ်မြောက် ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များနှင့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များ၊ ဝန်ကြီးဌာနများမှ အရာထမ်း၊ အမှုထမ်းများ၊ တပ်နယ်မိသားစုများ၊ နေပြည်တော်ရှိ ခရိုင်နှင့် မြို့နယ်များမှ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၊ မြို့နယ်များမှ စစ်မှုထမ်းဟောင်းအဖွဲ့၊ ကြက်ခြေနီနှင့် အရန်မီးသတ်တပ်ဖွဲ့တို့မှ ကိုယ်စားလှယ်များ စုစုပေါင်းအင်အား ၂၆၀၀ကျော်တို့ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားသို့ တက်ရောက်ကြမည့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ပြည်သူများသည် နံနက် ၅နာရီမှစတင်၍ စုရပ်အသီးသီးတို့မှ အခမ်းအနားကျင်းပမည့် မြို့တော်ခန်းမ ဥပစာရင်ပြင်ရှိ သတ်မှတ်နေရာများသို့ စနစ်တကျ ဝင်ရောက်နေရာယူကြသည်။

နိုင်ငံတော်အလံလွှင့်တင်

ထို့နောက် နံနက် ၅နာရီခွဲတွင် ၂၀၁၀ခုနှစ် (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင် အခမ်းအနားကို ကျင်းပရာ အလံတင်တပ်စုက ပြည်ထောင်စု မြန်မာနိုင်ငံတော်အလံအား လွှင့်တင်သည်။

ဆက်လက်၍ နံနက် ၇နာရီတွင် ၂၀၁၀ခုနှစ် (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနားကို ကျင်းပရာ တပ်မတော်(ကြည်း၊ရေ၊ လေ) ဂုဏ်ပြုတပ်ဖွဲ့က မြို့တော်ခန်းမဥပစာရင်ပြင်သို့ ချီတက်နေရာယူကြသည်။

ယင်းနောက် ၂၀၁၀ခုနှစ် (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး ရောက်ရှိလာပြီး စင်မြင့်ပေါ်၌ နေရာယူသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးက ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူပြီး ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ အတွင်းရေးမှူး(၁)နှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများက ပြည်ထောင်စု မြန်မာနိုင်ငံတော်အလံအား အလေးပြုကြရာ ဂုဏ်ပြုတပ်ဖွဲ့က နိုင်ငံတော်သီချင်းကို တီးမှုတ်သည်။

ရုပ်သိမ်း

ယင်းနောက် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံမှ ၂၀၁၀ခုနှစ် (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာကို ၂၀၁၀ခုနှစ် (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးက ဖတ်ကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

၂၀၁၀ခုနှစ် (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အဖြစ် နေပြည်တော်ရှိ အစိုးရရုံးအဆောက်အအုံများ၊ မြို့တော်ခန်းမ၊ လမ်းဆုံအဝိုင်းများ၊ ကျောင်းများနှင့် ဝန်ထမ်းအိမ်ရာအဆောက်အအုံများတွင် ရောင်စုံမီးများကို လှပစွာ ထွန်းညှိထားကြသည်။ **(သတင်းစဉ်)**

၂၀၁၀ခုနှစ် (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင် အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။
(သတင်းစဉ်)

ရောင်စုံမီးများ လှပစွာထွန်းညှိထား

၂၀၁၀ခုနှစ် (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အဖြစ် နေပြည်တော်ရှိ အစိုးရရုံးအဆောက်အအုံများ၊ မြို့တော်ခန်းမ၊ လမ်းဆုံအဝိုင်းများ၊ ကျောင်းများနှင့် ဝန်ထမ်းအိမ်ရာ အဆောက်အအုံများတွင် ရောင်စုံမီးများကို လှပစွာထွန်းညှိထားကြစဉ်။
(သတင်းစဉ်)

13-2 (04).pmd 1 2/13/2010, 1:47 AM

ဒုတိယဗိုလ်ချုပ်ကြီးကိုကို ရမ်းဗြဲမြို့ ဒေသဖွံ့ဖြိုးတိုးတက်ရေးကြည့်ရှု ကန်တော့ပြင်- ကျောက်နီမော် လမ်းဖောက်လုပ်မည့်လမ်းအူကြောင်း စစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၁၂

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကိုကိုသည် ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်သောင်းအေးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ ၇ရက် နံနက်ပိုင်းတွင် ရေယာဉ်ဖြင့် ရခိုင်ပြည်နယ် မာန်အောင်မြို့မှ ရမ်းဗြဲမြို့နယ် အောင်လှပြင်ကျေးရွာသို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ တာဝန်ရှိသူတစ်ဦးက လမ်းပိုင်းများအဆင့်မြှင့်တင်ဆောင်ရွက်မှုအခြေအနေနှင့် တံတားတည်ဆောက်ခြင်းလုပ်ငန်းများကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက လုပ်ငန်းလိုအပ်ချက်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ကျောက်ချောင်း-လေးတောင်လမ်းပေါ်ရှိ ဆိတ်နားပြင်ကျေးရွာနှင့် ကျောက်နဂါးကျေးရွာတို့ကို ဆက်သွယ်သည့် သစ်သားတံတားတည်ဆောက်မှု နေရာနှင့် ကန်တော့ပြင်ကျေးရွာအနီး ရမ်းဗြဲ-ကန်တော့ပြင်-အောင်လှပြင်လမ်းပေါ်ရှိ မိုင်တိုင်အမှတ်(၆/၂)၌ ကန်တော့ပြင်-ကျောက်နီမော်လမ်းဖောက်လုပ်မည့် လမ်းအူကြောင်းနေရာတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ရမ်းဗြဲမြို့ ရမ္မာဝတီခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် တွေ့ဆုံရာ တာဝန်ရှိသူတစ်ဦးက ဒေသဆိုင်ရာအချက်အလက်များနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက ဒေသဖွံ့ဖြိုး တိုးတက်ရေးဆိုင်ရာများနှင့် စပ်လျဉ်း၍ အကျယ်တဝင့်ရှင်းလင်း မှာကြားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ကိုကိုနှင့် တိုင်းမှူးတို့သည် နေရောင်ခြည်စွမ်းအင်သုံးပစ္စည်းနှင့် ကျောင်းသုံး ဗလာစာအုပ်များ၊ ဆေးဝါးနှင့်ဆေးပစ္စည်းများ၊ သုတရသ စာအုပ်၊ စာစောင်များကို ပေးအပ်ပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ရမ်းဗြဲမြို့နယ် ပြည်သူ့ဆေးရုံတိုးချဲ့ဆောင် တည်ဆောက်နေမှု၊ ရမ်းဗြဲ - ကျောက်နီမော် လမ်းပိုင်းအား ကျောက်ချောလမ်းခင်းနေမှုနှင့် မအီ-ကျောက်ဖြူလမ်း မိုင်တိုင်အမှတ်(၄၅/၀)မှ (၄၅/၁)အကြား လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးကြပြီး မအီ-ကျောက်ဖြူလမ်း စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ တာဝန်ရှိသူတို့က လမ်းပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားပြီး မအီ-ကျောက်ဖြူလမ်း တစ်လျှောက် မော်တော်ယာဉ်ဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မွန်းလွဲပိုင်းတွင် တောင်ကုတ်မြို့နယ်ခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များအား တွေ့ဆုံပြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက ဒေသဖွံ့ဖြိုး တိုးတက်ရေးဆိုင်ရာများနှင့် စပ်လျဉ်း၍ မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကိုကိုနှင့် တိုင်းမှူးတို့သည် နေရောင်ခြည်စွမ်းအင်သုံးပစ္စည်းနှင့် ကျောင်းသုံးဗလာစာအုပ်များ၊ ဆေးဝါးနှင့် ဆေးပစ္စည်းများ၊ သုတရသစာအုပ်၊ စာစောင်များကို ပေးအပ်လှူဒါန်းကြပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

ဒုတိယ ဗိုလ်ချုပ်ကြီးကိုကိုသည် ဖေဖော်ဝါရီ ၈ရက် နံနက်ပိုင်းတွင် တောင်ကုတ်တပ်နယ်ခန်းမ၌ တပ်နယ်မှ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်နှင့် မိသားစုဝင်များအားတွေ့ဆုံပြီး လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကိုကိုနှင့်အဖွဲ့ဝင်များသည် တောင်ကုတ်-ပြည် လမ်းပိုင်း မိုင်တိုင်အမှတ်(၈၉/၀)၌ တောင်ဖြတ်လမ်းချဲ့ခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြကာ တောင်ကုတ်-ပြည်လမ်းအတိုင်း ဆက်လက်ထွက်ခွာလာပြီး လမ်းတစ်လျှောက် လမ်းပြုပြင်ထိန်းသိမ်းမှုလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လမ်းအဆင့်မြှင့်တင်

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကိုကို မအီ- ကျောက်ဖြူလမ်းပိုင်းတွင် လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

Hugo Paint ကုန်ပစ္စည်းသစ် မိတ်ဆက်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၂

Hugo United Group International (Singapore) နှင့် Tet Nay Aung Co.,Ltd. (Sole Distributor) တို့ ပူးပေါင်းစီစဉ်သည့် စင်ကာပူနိုင်ငံမှ တိုက်ရိုက်တင်သွင်းသော Hugo Paint ကုန်ပစ္စည်းသစ်မိတ်ဆက်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၅ရက် ည ၇နာရီတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပသည်။

မိတ်ဆက်စကား

ရှေးဦးစွာ Hugo Paint ဆေးပုံးသစ်များကို ပရိသတ်နှင့် မိတ်ဆက်ပေးပြီး တက်နေအောင် ကုမ္ပဏီလီမိတက်မှ မန်နေဂျင်း ဒါရိုက်တာဦးကျော်စိုးက မိတ်ဆက်စကားပြောကြားသည်။

ထို့နောက် Hugo United Group International (Singapore) မှ ဒါရိုက်တာ Mrs. Yeannet က Hugo Paint ကုန်ပစ္စည်းနှင့် စပ်လျဉ်း၍ ပဏာမ ရှင်းလင်းပြောကြားသည်။

တာဝန်ယူဖြန့်ဖြူး

Hugo Paint ကုန်ပစ္စည်းသစ်ကို မြန်မာနိုင်ငံ၏ တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် တက်နေအောင် ကုမ္ပဏီလီမိတက်က တာဝန်ယူ ဖြန့်ဖြူးလျက်ရှိသည်။

စင်ကာပူနိုင်ငံမှ တိုက်ရိုက်တင်သွင်းသော Hugo High Performance Interior Paint နှင့် Hugo Emulsion Paint အလှဆင်အိမ်သုတ်ဆေးများသည် လှပသော အိမ်ရာအဆောက်အအုံများအတွက် စွမ်းဆောင်မှုအကောင်းဆုံးနှင့် ဆွဲဆောင်မှုအရှိဆုံး အိမ်အလှဆင်သုတ်ဆေး အမျိုးအစားများ ဖြစ်သည်။ အရောင်ကြာရှည်စွာ စွဲမြဲစေခြင်း၊ နံရံမှိုတက်ခြင်းနှင့် ရေငွေ့ပြန်ခြင်းတို့ကို ကောင်းမွန်စွာ ကာကွယ်ပေးနိုင်သည်။ အက်ကြောင်းကင်းစင်၍ ညီညာလှပသော မျက်နှာပြင်ကို ရရှိစေနိုင်ခြင်းနှင့် ဘက်တီးရီးယားပိုးမွှားများ ပေါက်ပွားစေခြင်းမှ ကင်းဝေးစေသည်။ ထို့အပြင် ဆေးနည်းနည်းဖြင့် မျက်နှာပြင် ဧရိယာများများကို အသုံးပြုနိုင်သည်။

Acrylic Spray Paint မှာ သတ္တုရောင်၊ ရွှေရောင်၊ ပုလဲရောင်ကဲ့သို့ အရောင်ဆန်းများ ထုတ်လုပ်ထားခြင်း၊ လျင်မြန်စွာ ခြောက်သွေ့လွယ်ခြင်းတို့အပြင် သံ၊ သစ်သား၊ သတ္တု မျက်နှာပြင်တို့တွင်လည်း အသုံးပြုနိုင်သည်။ သစ်သားနှင့် သတ္တုမျက်နှာပြင်များအတွက် အထူးရည်ရွယ်ထုတ်လုပ်ထားပြီး အရောင်တာရှည်ခြင်း၊ စွဲမြဲစေခြင်းစသော ဂုဏ်သတ္တိဖြင့်လည်း ပြည့်စုံသည်။

ဆက်လက်တင်သွင်း

Hugo Paint အနေဖြင့် Hugo Wood and Metal Paint နှင့် Hugo Marine Paint များအပြင် Hugo Exterior Paint များကိုလည်း ဆက်လက်တင်သွင်းသွားမည်ဖြစ်သည်။

ဝယ်ယူလိုပါက ရန်ကုန်မြို့ လှိုင်မြို့နယ် ဘုရင့်နောင်လမ်း ချောင်းဝဆိပ်ကမ်းအနီး ဖုန်း-၅၃၇၈၅၂၊ ၅၃၀၉၂၁၊ ၇၀၁၂၂၉ နှင့် ၅၀၁၉၀၅၊ ဖက်စ်- ၅၅၈၂၁၉ နှင့် အီးမေးလ် hugopaint@myanmar.com.mm တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ်၌ မီးလောင်ကျွမ်းမှုဖြစ်ပွား

ရန်ကုန် ဖေဖော်ဝါရီ ၁၂

ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် လေးထောင့်ကန် လမ်းမကြီးပေါ်ရှိ သဃ်န်းကျွန်းဈေး၌ ယနေ့ ည ၇နာရီ ၃၇မိနစ်ခန့်တွင် မီးစတင်လောင်ကျွမ်းခဲ့ရာ မီးသတ်ယာဉ် ၄၉စီးဖြင့် ဝိုင်းဝန်းမီးငြိမ်းသတ်နိုင်ခဲ့မှုကြောင့် ည ၉နာရီခွဲခန့်တွင် မီးညွန့်ကျိုးသွားခဲ့ပြီး ည ၉နာရီ မိနစ် ၅၀ခန့်တွင် မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။

ဆုံးရှုံးမှု

မီးလောင်ရသည့်အကြောင်းရင်းနှင့် မီးလောင်ဆုံးရှုံးမှုကို စိစစ်ဆဲဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အာဆီယံဒေသအတွင်းရှိ ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်များထိန်းသိမ်းရေး ရိုးရာအကပုံစံများဆိုင်ရာ လေ့ကျင့်ပေးရေး အလုပ်ရုံဆွေးနွေးပွဲဖွင့်

နေပြည်တော် ဖေဖော်ဝါရီ ၁၂

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ်လက်ခံ၍ ယဉ်ကျေးမှုဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် အာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေးကော်မတီ (COCI)အောက်ရှိ ယဉ်ကျေးမှုဆပ်ကော်မတီ (SCC)က ကြီးမှူးကျင်းပသည့် အာဆီယံဒေသအတွင်းရှိ ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းရေး-ရိုးရာအကပုံစံများဆိုင်ရာ လေ့ကျင့်ပေးရေး အလုပ်ရုံဆွေးနွေးပွဲ(Training Workshop on Preservation of Intangible Cultural Heritage: Traditional Dance Pattern) ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁နာရီခွဲတွင် နေပြည်တော်ရှိ သင်္ဂဟဟိုတယ် Function Hall ၌ ကျင်းပရာ မြန်မာနိုင်ငံ အာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေးကော်မတီမှ တာဝန်ရှိသူများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်မှ လေ့လာသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် အာဆီယံယဉ်ကျေးမှုဆပ်ကော်မတီဥက္ကဋ္ဌ ဦးစန်းဝင်း**(အောက်ပုံ)**က အဖွင့်မိန့်ခွန်းပြောကြားပြီး အလုပ်ရုံ ဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများသည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဖတ်ကြားတင်သွင်း

ယင်းနောက် အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပရာ မြန်မာနိုင်ငံမှ Resource Person များဖြစ်ကြသော အနုပညာဦးစီးဌာန အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာ တက္ကသိုလ်(ရန်ကုန်)မှ ပါမောက္ခချုပ် ဒေါ်နန္ဒာမွန်းက အလုပ်ရုံဆွေးနွေးပွဲနှင့် စပ်လျဉ်း၍ ဆွေးနွေးမည့် အကြောင်းအရာ၊ ရည်ရွယ်ချက်နှင့် ဆွေးနွေးမည့်ပုံစံများကို ရှင်းလင်းတင်ပြပြီး အာဆီယံနိုင်ငံအသီးသီးမှ ရိုးရာအကများ၏ အရေးပါမှုကဏ္ဍများနှင့် စပ်လျဉ်း၍လည်းကောင်း၊ အမျိုးသား ယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)မှ အကြံပေးပုဂ္ဂိုလ် ဦးအောင်သွင်က ရိုးရာအကများ ထိန်းသိမ်းခြင်းနှင့် စပ်လျဉ်း၍လည်းကောင်း ဟောပြောတင်ပြကြပြီး အနုပညာဦးစီးဌာန ပန်တျာကျောင်း (ရန်ကုန်)မှ ကျောင်းအုပ်ကြီး ဒေါ်အေးစန္ဒာအောင်က မြန်မာ့ရိုးရာအကများ၏ ပြောင်းလဲတိုးတက်လာမှုစာတမ်းကို ဖတ်ကြားတင်သွင်းသည်။

ဝိုင်းဝန်းဆွေးနွေး

ထို့နောက် တက်ရောက်လာကြသော ကိုယ်စားလှယ်များက ဝိုင်းဝန်းဆွေးနွေးကြပြီး အလုပ်ရုံဆွေးနွေးပွဲ ပထမနေ့ အစီအစဉ်ကို ညနေပိုင်းတွင် ရပ်နားလိုက်သည်။

(သတင်းစဉ်)

မြောက်ပိုင်းစွန်းဒေသများ၌ မိုးအနည်းငယ်ရွာဖွယ်

နေပြည်တော် ဖေဖော်ဝါရီ ၁၂

<u>**ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ**</u> လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်ဒေသများတွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် ပဲခူးတိုင်းတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ၊ ချင်းပြည်နယ်တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်အောက် ၅ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ပြီး မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှ အပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ကာ ကျန်ဒေသများတွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

<u>**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ**</u> ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

<u>**ဖေဖော်ဝါရီ ၁၃ရက် ညနေအထိ ခန့်မှန်းချက်မှာ**</u> ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် အများအားဖြင့် သာယာမည်။

<u>**မြန်မာ့ပင်လယ်ပြင်တွင်**</u> လှိုင်းအနည်းငယ်သာရှိမည်။

<u>**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ**</u> မြန်မာနိုင်ငံမြောက်ပိုင်းစွန်း ဒေသများ၌ မိုးအနည်းငယ်ရွာနိုင်သည်။

<u>**နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့ အနီးတစ်ဝိုက်တွင်**</u> သာယာမည်။

ဓာတ်ဆီဖြည့်မှုသတိပြု

ပူပြင်းသော ရာသီကာလ နေ့လယ်ချိန်များတွင် မော်တော်ယာဉ်များ ဓာတ်ဆီဖြည့်ခြင်းနှင့် ဓာတ်ဆီလဲလှယ်ခြင်းများ ပြုလုပ်စဉ် ပွတ်တိုက်မှု (Friction)မှ သဘာဝ တည်ငြိမ်လျှပ်စစ် (Static Electricity)တို့ ဖြစ်ပေါ်တတ်မှုကြောင့် မီးလောင်မှုများ ဖြစ်ပွားနိုင်ပါသဖြင့် ရာသီဥတု ပူပြင်းချိန်တွင် ပလတ်စတစ်ပုံးဖြင့် ဓာတ်ဆီဖြည့်ခြင်းနှင့် လဲလှယ်ခြင်းများကို သတိပြုရှောင်ကြဉ်ကြပါရန်။

13-2 (05).pmd 1 2/13/2010, 1:47 AM

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုသတင်းဆောင်းပါး

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုသတင်းဆောင်းပါး

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုသတင်းဆောင်းပါး

ဖွံ့ဖြိုးတိုးတက်မှုအလှပန်းများ ပွင့်လန်းဝေဖြာနေသော ပြည်ထောင်စုဥယျာဉ်အတွင်းမှ ရှမ်းပြည်နယ်မြင်ကွင်း

➢ သတင်းဆောင်းပါး - မောင်မောင်မြင့်ဆွေ
➢ ဓာတ်ပုံမှတ်တမ်း - လေးနွယ်(မင်္ဂလာဒုံ)
➢ စာမျက်နှာဖွဲ့စည်းမှု - မိုးမိုးအောင်(မြန်မာ့အလင်း)

မြူနှင်းများ ဝေဆိုင်းနေသော ရှမ်းရိုးမတောင်တန်း။ ကြည့်လေတိုင်း ရင်သပ်ရှုမောဖွယ်ရာ မြင်ကွင်းများ။ အေးမြသောရာသီဥတုပါ ပေါင်းစပ်ထားသဖြင့် ရှမ်းတောင်တန်းများဆီသို့ သွားရောက်ရန် စိတ်အားထက်သန်နေခဲ့မိသည်။ အခွင့်သင့်လျှင် ရှမ်းပြည်နယ်သို့ အရောက်သွားကာ လေ့လာလိုစိတ် ဖြစ်ခဲ့သည်။ ယခုတော့ ပြည်ထောင်စုဥယျာဉ်အတွင်းမှ ဖွံ့ဖြိုးတိုးတက်မှုအလှများဖြင့် ဝေဖြာနေသော ရှမ်းပြည်နယ်မြင်ကွင်းများကို ကြည့်ရှုလေ့လာရန် အခွင့်သာခဲ့လေပြီ။

သွားလာရေးအဆင်ပြေ

ဆောင်းနှင်းများဝေနေသည့် ဇန်နဝါရီလလယ်၌ ရှမ်းပြည်နယ်သို့ ခရီးထွက်ဖြစ်ခဲ့သည်။ အေးစိမ့်နေသော ဆောင်းလေက မော်တော်ယာဉ်အတွင်း တိုးဝင်မှုကြောင့် အနွေးထည်ဝတ်ထားသော်လည်း အအေးဓာတ်ကို မကာကွယ်နိုင်။ ရပ်မြင်သံကြားနှင့် လေအေးစက်များ အပြည့်တပ်ဆင်ထားသော မော်တော်ယာဉ်ဖြင့် စိတ်အေးချမ်းသာစွာ စီးလာကြသူများကို ကြည့်ရင်း လမ်းပန်းဆက်သွယ်ရေး ချောမွေ့လာမှုကြောင့် ခရီးသွားလာရေး အဆင်ပြေလွယ်ကူလာမှုကို သတိပြုမိသည်။

ပြည်ထောင်စုတစ်ဝန်း ဖွံ့ဖြိုးရေးပန်းများကို နိုင်ငံတော်က အလှဆင်မြန်းရာတွင် ရှမ်းတောင်တန်းကြီးများနှင့် လှပနေသော ရှမ်းပြည်နယ်သည်လည်း မကျန်ရစ်ခဲ့ချေ။ စိမ်းညို့နေသော ရှမ်းတောင်တန်းများပေါ်တွင် ငြိမ်းချမ်းရေးတေးသံများ စည်ဝေလာမှုနှင့်အတူ ဖွံ့ဖြိုးတိုးတက်မှု အလင်းရောင်များလည်း တောက်ပလာစေခဲ့ပြီဟု တွေးနေမိသည်။ တောင်ဆင်း၊ တောင်တက် ကွေ့ဝိုက်စွာ ဖောက်လုပ်ထားသော ကားလမ်းအတိုင်း ဖြည်းဖြည်းချင်း မောင်းနှင်လာသည့် မော်တော်ယာဉ်ပေါ်လိုက်ပါရင်း ဘေးချင်းယှဉ်လျက်ထိုင်ခုံတွင် လိုက်ပါလာသော ရှမ်းပြည်နယ်မှ စီမံကိန်းအင်ဂျင်နီယာ ဦးစိုင်းတစ်နှင့် စကားလက်ဆုံကျခဲ့သည်။

မေး ။ ။ ရှမ်းပြည်နယ်အတွင်းမှာ သွားလာရေး အတော်လေးအဆင်ပြေနေပြီနော်၊ မရောက်တာ ကြာလို့လားမသိဘူး။ လမ်းပန်းဆက်သွယ်ရေး ပိုပြီး ကောင်းလာတယ်။

ဖြေ ။ ။ ဟုတ်တယ်လေ၊ အများကြီးတိုးတက်လာတာပေါ့။ ၁၉၈၈ ခုနှစ်တုန်းက ရှမ်းပြည်နယ်မှာ ကားလမ်းအရှည် မိုင် ၃၉၅၀ပဲ ရှိခဲ့တာ။ အခုဆိုရင် ၇၈၇၇မိုင်အထိ ရှိလာပြီ။ ရထားလမ်းဆိုရင်လည်း ၁၉၈၈ခုနှစ်က ၁၆၉ဒသမ ၄မိုင်ပဲရှိရာက အခုဆိုရင် ရထားလမ်းမိုင် ၄၉၆ဒသမ ၅၉မိုင်အထိ ရှိလာတယ်။ အခုလက်ရှိ ဖောက်လုပ်နေတဲ့ ၂၃၆မိုင်ရှည်တဲ့ နမ့်စန်-ကျိုင်းတုံရထားလမ်း ပြီးသွားရင် ရှမ်းပြည်နယ်အတွင်း ပိုပြီး သွားလာရေး အဆင်ပြေလာဦးမှာပါ။

မေး ။ ။ ရှမ်းပြည်နယ်(တောင်ပိုင်း)မှာ ပေ ၁၈၀အထက် တံတားတွေလည်း အသစ်တည်ဆောက်ပေးတာတွေ ရှိတယ်နော်။

ဖြေ ။ ။ မှန်တာပေါ့ဗျာ။ ရှမ်းပြည်နယ်(တောင်ပိုင်း)မှာ ၁၉၈၈ခုနှစ်က ပေ ၁၈၀ အထက်တံတား ၁၀စင်းပဲရှိခဲ့တာ အခုဆိုရင် ၁၄စင်းအထိ တည်ဆောက်ပေးနိုင်ခဲ့ပြီ။ အဲဒီတံတားတွေကတော့ နမ့်စန်-မိုးနဲ-မိုင်းတုံ-မိုင်းဆတ်လမ်းပေါ်မှာရှိပြီး အရှည်ပေ ၉၀၀ရှိတဲ့ တာဆန်းတံတား၊ လဲချား-မိုင်းနောင်-မိုင်းရှူး-မိုင်းကောင်လမ်းပေါ်မှာ ဆောက်လုပ်ထားတဲ့ မတ်လန်းတံတား၊ နမ့်စန်-မိုးနဲ- မိုင်းတုံ-မိုင်းဆတ်လမ်းပေါ်မှာရှိတဲ့ လင်းခေးတံတား၊လွိုင်လင်-ပန်ကေတု-သီပေါလမ်းပေါ်မှာရှိတဲ့ ဆားတောတံတားတွေပေါ့။ အသစ်တည်ဆောက်နေတဲ့ နေပြည်တော် ပျဉ်းမနား-ပင်လောင်းလမ်းပေါ်က ပေ ၁၇၆၀ရှည်တဲ့ လိန်းလီတံတားကလည်း ၂၀၁၀ခုနှစ်အတွင်း တည်ဆောက်ပြီးစီးတော့မှာဆိုတော့ ရှမ်းပြည်နယ်(တောင်ပိုင်း)က ဒေသခံတိုင်းရင်းသားတွေ နေပြည်တော်အထိ လွယ်လင့်တကူ ခရီးသွားနိုင်ပြီလေ။ ဘယ်လောက် ဝမ်းသာစရာကောင်းသလဲ။ နေပြည်တော်ကတစ်ဆင့် ပြည်ထောင်စုတစ်ဝန်း ကြိုက်တဲ့နေရာ သွားပါလေ့ဗျာ။

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့တွင် တည်ဆောက်ထားသော အမျိုးသမီးနှင့် ကလေး အထူးကုဆေးရုံကြီးကလည်း ဒေသခံတိုင်းရင်းသားများအတွက် ကျန်းမာရေးစောင့်ရှောက်မှု ပေးလျက်ရှိသည်။ (မြန်မာ့အလင်း)

မေး ။ ။ ဒါထက် ရှမ်းပြည်နယ်(တောင်ပိုင်း)မှာ အထူးဖွံ့ဖြိုးရေးဒေသကြီးအဖြစ် သတ်မှတ်ထားတာ ရှိတယ်နော်။ အဲဒီဒေသတွေမှာကော ဖွံ့ဖြိုးတိုးတက်မှုတွေ ရှိလာရဲ့လား။

ဖြေ ။ ။ ရှိပါပြီကောဗျာ။ ရှမ်းပြည်နယ်(တောင်ပိုင်း)မှာ တောင်ကြီးနဲ့ လွိုင်လင်ဒေသတွေက အထူးဖွံ့ဖြိုးရေးဒေသတွေအဖြစ် သတ်မှတ်ထားတာပေါ့။ ၁၉၈၈မတိုင်မီက ရှမ်းပြည်နယ်(တောင်ပိုင်း)မှာ နည်းပညာတက္ကသိုလ်ဆိုတာ မရှိခဲ့ဘူး။ အခုတော့ အေးသာယာမြို့သစ်မှာ နည်းပညာတက္ကသိုလ်(တောင်ကြီး)အဖြစ် ၂၀၀၇ခုနှစ် ဇန်နဝါရီ ၂၀ရက်မှာ ဖွင့်လှစ်နိုင်ခဲ့သလို နည်းပညာတက္ကသိုလ်ကိုလည်း ဖွင့်လှစ်ပေးခဲ့ပြီလေ။ ဒီလို တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့လို့ ဒေသခံတိုင်းရင်းသား လူငယ်ပညာရှင်တွေ နှစ်စဉ်မွေးထုတ်ပေးနေနိုင်တာပေါ့။ အဲဒီလူငယ်ပညာရှင်တွေက ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ဝိုင်းဝန်းဖော်ဆောင်နေကြပါပြီ။ တကယ်တော့ နိုင်ငံတော်တစ်ဝန်း အထူးဖွံ့ဖြိုးရေးဒေသကြီး (၂၄)ခုမှာ ဝိဇ္ဇာ/သိပ္ပံတက္ကသိုလ် တစ်ခု၊ ကွန်ပျူတာတက္ကသိုလ် တစ်ခု၊ နည်းပညာတက္ကသိုလ် တစ်ခုနဲ့ ခုတင် (၂၀၀)ဆံ့ အထူးကုဆေးရုံကြီးတစ်ခုစီကို နိုင်ငံတော်က တည်ဆောက်ပေးထားပြီး ဖြစ်ပါတယ်။

ပြည်ထောင်စုတစ်ဝန်း ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်ရေးတွင် အရေးပါသည့် လမ်း၊ တံတားများကို နိုင်ငံတော်က စဉ်ဆက်မပြတ် ဖြည့်ဆည်းဆောက်လုပ်ပေးလျက်ရှိရာ ရာသီမရွေး ခရီးသွားလာနိုင်ပြီး ကုန်ပစ္စည်းများပါ တင်ပို့ပေးနိုင်သည့် ကားလမ်းများကို ဖောက်လုပ်ပေးခဲ့ရာ၌ ရှမ်းပြည်နယ်(မြောက်ပိုင်း)၏ ဖွံ့ဖြိုးတိုးတက်မှုကို အပြည့်အဝ ထောက်ကူပေးနိုင်သည့် လားရှိုး-မူဆယ် ပြည်ထောင်စုကားလမ်းမလည်း ဤသို့ ဖြစ်ထွန်းပေါ်ထွက်လာခဲ့ပြီ....။ (မြန်မာ့အလင်း)



စကားကောင်းနေစဉ် တောင်ကြီးမြို့အဝင် ရောက်ရှိလာသည်။ တောင်ကြီးမြို့ဝန်းကျင်တွင် သီးနှံမျိုးစုံစိုက်ပျိုးမှုကို တွေ့ရသည်။ မြေပြန့်တွင်သာမက တောင်ကုန်း၊ တောင်ခြေမကျန် စိုက်ပျိုးမြေ ချဲ့ထွင်နိုင်မှုကြောင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် ၁၉၈၈ခုနှစ်က စိုက်ပျိုးမြေ ၆၄၁၄၅၉ဧကသာ ရှိခဲ့ရာမှ ယခုအချိန်၌ စိုက်ပျိုးမြေ ၁၃၉၉၆၆၈ဧကအထိ တိုးချဲ့စိုက်ပျိုးနိုင်နေပြီဖြစ်သည်။ ထို့အပြင် ၁၉၈၈ခုနှစ်က ဆေးရုံ ၃၆ရုံသာရှိခဲ့ရာမှ ယခုအခါ ဆေးရုံပေါင်း ၅၈ရုံအထိ တိုးချဲ့ဖွင့်လှစ်ကာ ဒေသခံတိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုကို ဖြည့်ဆည်းပေးနိုင်ခဲ့သည်။ တောင်ကြီးမြို့တွင်းရောက်ရှိခဲ့ရာ ကျောင်းဆင်းချိန်ကြုံသဖြင့် အဖြူအစိမ်းဝတ် ကျောင်းသား ကျောင်းသူများကို မြင်တွေ့ရသည်။ ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် ၁၉၈၈ခုနှစ်က အခြေခံပညာကျောင်း ၁၉၃၀သာရှိခဲ့ရာမှ ယခုအခါ ကျောင်းပေါင်း ၂၇၈၃ ကျောင်းအထိ ရှိလာကြောင်း သိခဲ့ရသည်။ ထို့အတူ ဆည်တမံ တည်ဆောက်ပေးနိုင်မှုအပိုင်းတွင် ၁၉၈၈ခုနှစ်က ဆည်တမံ ၁၆ခုသာရှိခဲ့ရာမှ ယခုအခါ ဆည်တမံ ၂၃ခုအထိ ရှိလာပြီဖြစ်သည်။ မြို့ကြီးရေလှောင်တမံစီမံကိန်းမှာ ဆောင်ရွက်ဆဲဖြစ်ပြီး တည်ဆောက်ပြီးစီးပါက စိုက်ပျိုးမြေဧက ၃၀၀၀၀ကိုအကျိုးပြုနိုင်မည်ဖြစ်သည်။

အလှတရားများဝေဖြာ

ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် ဖွံ့ဖြိုးတိုးတက်မှုများ လိုက်လံလေ့လာခဲ့ရာ တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှုများကို နေရာတိုင်း၌ မြင်တွေ့ခဲ့ရသည်။ ဒေသခံတိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ ရောင်းဝယ်ဖောက်ကား သွားလာနေကြသည်မှာ ကြည်နူးဖွယ်ရာပင်။ ထို့နောက် ရှမ်းပြည်နယ်(တောင်ပိုင်း) ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆက်လက်ဆောင်ရွက်ရမည့် စီမံကိန်းများကို ဝမ်းသာစွာသိရှိခဲ့ရသည်။ **စိုက်ပျိုးမြေဧက ၃၀၀၀၀ကို အကျိုးပြုနိုင်မည့် ရှာငံမြို့နယ်အတွင်း တည်ဆောက်မည့် မြို့ကြီးရေလှောင်တမံစီမံကိန်း၊ ရပ်စောက်မြို့နယ်တွင် တည်ဆောက်မည့် ကျိုင်းခမ်းရေလှောင်တမံစီမံကိန်း၊ ဧက ၁၅၀၀ကို အကျိုးပြုနိုင်မည့် နမ့်စန်မြို့နယ်ရှိ မလန်းခမ်းဆည်၊ ဧက ၄၇၀ကို အကျိုးပြုမည့် မောက်မယ်မြို့နယ်ရှိ နမ်လရေလွှဲဆည်၊ ဧက ၇၀၀ကို အကျိုးပြုနိုင်မည့် တောင်ကြီးမြို့နယ်ရှိ ထီဗွာရေလှောင်တမံတို့ပါ တည်ဆောက်ပြီးစီးခဲ့လျှင် စိုက်ပျိုးရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ပေတော့မည်။ တစ်ဖန် ပင်လောင်းမြို့နယ်တွင် ပေ ၁၈၀အထက် တံတားတစ်စင်းဖြစ်သော လိန်းလီတံတား တည်ဆောက်လျက်ရှိပြီး အရှည် ၂၂၆မိုင်ရှိသည့် မိုးနဲ-ကျိုင်းတုံရထားလမ်းလည်း ဖောက်လုပ်နေပြီကို တွေ့မြင်ခဲ့ရသည်။ ထို့အပြင် ဓာတ်အားပေးရေးစီမံကိန်းများအဖြစ် မိုင်းပန်မြို့နယ်တွင် မဂ္ဂါဝပ် ၇၁၁၀ ထုတ်ပေးနိုင်သည့် တာဆန်းရေအားလျှပ်စစ်စီမံကိန်းနှင့် ၅၁မဂ္ဂါဝပ်ထုတ်ပေးနိုင်သည့် အထက်ကျိုင်းတောင်း ရေအားလျှပ်စစ်စီမံကိန်းများကို တည်ဆောက်နေပြီဖြစ်ရာ ဒေသခံတိုင်းရင်းသားပြည်သူများ ဖွံ့ဖြိုးတိုးတက်မှု အလှတရားများ ပိုမိုဝေဖြာလာတော့မည်မှာ အသေအချာပင်ဖြစ်သည်။**

စာမျက်နှာ ၇ ကော်လံ ၁

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ် မိုက္ကရိုဝေ့ဗ်စခန်းနှင့် ဂျီအက်စ်အမ်ရေဒီယိုစခန်းကို ဤသို့တည်ဆောက်ပေးနိုင်မှုကြောင့် ဒေသခံပြည်သူများ နိုင်ငံအနှံ့သို့ အချိန်မရွေး ဆက်သွယ်ပြောဆိုနိုင်ကြပေပြီ။ (မြန်မာ့အလင်း)

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုသတင်းဆောင်းပါး

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုသတင်းဆောင်းပါး

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုသတင်းဆောင်းပါး

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် နည်းပညာတက္ကသိုလ်(ကျိုင်းတုံ)ကို တည်ဆောက်ပေးနိုင်ခဲ့သဖြင့် ဒေသခံတိုင်းရင်းသားရင်သွေးငယ်များ ခေတ်မီပညာရပ်များကို လက်လှမ်းတမီ သင်ကြားတတ်မြောက်နိုင်ကြပေပြီ။
(မြန်မာ့အလင်း)

စာမျက်နှာ ၆ မှ

ထို့နောက် ရှမ်းပြည်နယ်(အရှေ့ပိုင်း)သို့ လေယာဉ်ခရီးစဉ်ဖြင့် ဆက်လက်ထွက်ခွာခဲ့သည်။ တောင်ကြီး-ကျိုင်းတုံလေယာဉ်ခရီးစဉ်အတွက် ဟဲဟိုးလေဆိပ်သို့ ရောက်ရှိစဉ် ကမ္ဘာလှည့်ခရီးသွားအုပ်စုများကို တွေ့ရသည်။ တည်ငြိမ်အေးချမ်းနေသဖြင့် ပွင့်လင်းရာသီတွင် ခရီးသွားဧည့်သည် များပြားစွာ ရောက်ရှိ သွားလာနေခြင်းဖြစ်သည်။ ဟဲဟိုး-ကျိုင်းတုံလေယာဉ်ခရီးစဉ်မှာ ၄၅မိနစ်ခန့်သာ ကြာမြင့်သည်။ ကျိုင်းတုံလေဆိပ်ခန်းမအတွင်း ခေတ္တထိုင်နေစဉ် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့မှ ဦးခမ်းတောင်းနှင့် စကားလက်ဆုံကျပြီး သိလိုသည့်အချက်များကို မေးမြန်းဖြစ်ခဲ့သည်။

မေး ။ ။ ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှာ အထူးဖွံ့ဖြိုးရေးဒေသ သတ်မှတ်ထားတယ်နော်။ အဲဒီဒေသမှာ ဖွံ့ဖြိုးတိုးတက်မှုတွေ ရှိရဲ့လား။

ဖြေ ။ ။ ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှာ အထူးဖွံ့ဖြိုးရေးဒေသ သတ်မှတ်ထားတာကတော့ ကျိုင်းတုံပေါ့။ ကျိုင်းတုံမှာ တက္ကသိုလ်တစ်ခု၊ နည်းပညာတက္ကသိုလ်(ကျိုင်းတုံ)တစ်ခုနဲ့ ကွန်ပျူတာတက္ကသိုလ်(ကျိုင်းတုံ) တစ်ခုကို ဖွင့်လှစ်နိုင်ခဲ့ပြီလေ။ နည်းပညာတက္ကသိုလ် (ကျိုင်းတုံ)ကို ဖွင့်လှစ်ခဲ့တဲ့ ၂၀၀၁ခုနှစ်ကနေ ဒီနေ့အထိ ဘွဲ့ရအတတ်ပညာရှင် တိုင်းရင်းသားလူငယ် ၆၁၇ဦး မွေးထုတ်ပေးနိုင်ခဲ့သလို ကွန်ပျူတာတက္ကသိုလ်(ကျိုင်းတုံ)ကလည်း စတင်ဖွင့်လှစ်ခဲ့တဲ့ ၂၀၀၁ခုနှစ်ကစလို့ အခုအချိန်အထိ ဘွဲ့ရပညာတတ် လူငယ် ၅၃၃ဦးကို သင်ကြားမွေးထုတ်ပေးနိုင်ခဲ့ပြီပေါ့။ အခြေခံပညာကျောင်းဆိုရင်လည်း ၁၉၈၈ခုနှစ်က ၃၅၅ကျောင်းသာရှိခဲ့ရာက ၂၀၁၀ခုနှစ်မှာ ၅၇၂ကျောင်းအထိ တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့တယ်လေ။ ဆေးရုံဆိုရင်လည်း ကျိုင်းတုံဆေးရုံသစ်ကြီးအပါအဝင် ဆေးရုံ ၂၆ရုံအထိ တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့လို့ ဒေသခံတိုင်းရင်းသား ပြည်သူတွေအတွက် ပညာရေးနဲ့ကျန်းမာရေးစောင့်ရှောက်မှုတွေ ပြည့်ပြည့်ဝဝဖြည့်ဆည်းပေးနိုင်နေပြီပေါ့။ ဒါဟာ နိုင်ငံတော်ရဲ့ ကျေးဇူးတွေပါပဲ။

မေး ။ ။ ဒီလိုဆိုရင် ကောင်းတာပေါ့ဗျာ။ လမ်းပန်းဆက်သွယ်ရေးကဏ္ဍရော တိုးတက်ဖြစ်ထွန်းမှုတွေ ရှိရဲ့လား။

ဖြေ ။ ။ ရှိတာပေါ့ဗျာ။ ကျိုင်းတုံ-တာချီလိတ်ကို ဆက်သွယ်ဖောက်လုပ်ထားတဲ့ ပြည်ထောင်စုကားလမ်းဟာ အရှည် မိုင်၂၀၀ကျော်ရှိပြီး ရာသီမရွေး သွားလာ အသုံးပြုနိုင်နေပြီလေ။ ပေ ၁၈၀အထက်တံတားတွေဆိုရင်လည်း ၁၉၈၈ခုနှစ်က လေးစင်းပဲရှိခဲ့ပေမယ့် အခုဆိုရင် တံတား ၁၀စင်းအထိ တိုးတက်ဆောက်လုပ်ပေးနိုင်ခဲ့ပြီ။ ရထားလမ်းအသစ်ဖောက်လုပ်မှု အပိုင်းဆိုရင်လည်း ၂၂၆မိုင်ရှည်တဲ့ မိုးနဲ-ကျိုင်းတုံရထားလမ်းကို ဖောက်လုပ်နေပြီဆိုတော့ ဒေသခံတိုင်းရင်းသားပြည်သူတွေ ခရီးသွားလာရေးအတွက် အရင်ကလို အခက်အခဲ မရှိတော့ဘူးပေါ့ဗျာ။ နောက်ပြီး ကျိုင်းတုံ၊ မိုင်းဆတ်၊ တာချီလိတ်လေယာဉ်ကွင်းတွေကိုလည်း အဆင့်မြှင့်တင်မှုတွေ ပြုလုပ်ပေးထားပြီး လေယာဉ်ပြေးလမ်း တိုးချဲ့ပေးမှုနဲ့ လေဆိပ်အဆောက်အအုံ၊ ခရီးသည် နားနေဆောင်တွေကအစ ပြင်ဆင်မွမ်းမံပေးထားတာဟာ အခုမြင်တွေ့ရတဲ့အတိုင်းပါပဲ။

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးခရိုင်အတွင်းရှိ မုံးစီ-တာပါး-တာရွှေထန် လမ်းပေါ်တွင် တည်ဆောက်ထားသော တာပါးတံတားကလည်း ဒေသခံတိုင်းရင်းသား ပြည်သူတို့၏ သွားလာရေးနှင့် ကုန်စည်ပို့ဆောင်ရေးတို့တွင် များစွာအကျိုးပြုလျက်ရှိသည်။
(မြန်မာ့အလင်း)



ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ်တွင် တည်ဆောက်ထားသော ဘုရားကုန်းရေလှောင်တမံကလည်း ဧက ရာပေါင်းများစွာကို စိုက်ပျိုးရေဖြန့်ဝေပေးနိုင်နေပေပြီ။
(မြန်မာ့အလင်း)



ထို့နောက် ကျိုင်းတုံမြို့အတွင်းနှင့်အနီးဝန်းကျင်ဒေသကို လိုက်လံလေ့လာခဲ့သည်။ ခေတ်မီ တိုက်တာ အိမ်ခြံမြေများနှင့် တစ်ဟုန်ထိုး ဖွံ့ဖြိုးလာသော ကျိုင်းတုံမြို့မြင်ကွင်း၊ ကျိုင်းတုံမြို့နယ် မိုင်းဇင်းကျေးရွာအုပ်စု ဟွေခါးရွာအနီး မြေဧက ၄၀ဒသမ ၇၇ဧကပေါ်တွင် တည်ဆောက်ထားသော ခုတင် (၂၀၀)ဆံ့ ကျိုင်းတုံဆေးရုံ၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် ပင်းတောက်ရွာအနီး တည်ဆောက်လျက်ရှိသည့် စိုက်ပျိုးမြေဧရိယာ ဧက ၂၀၀ကျော်ကို ရေပေးဝေနိုင်မည့် ပင်းတောက်ရေလှောင်တမံတည်ဆောက်နေမှု၊ ရှမ်းတောင်တန်းကို နောက်ခံပြုတည်ဆောက်ထားသည့် ကျိုင်းတုံတက္ကသိုလ်၊ ကျိုင်းတုံ-မိုင်းလားလမ်း ယန်းလုရွာအနီး မြေအကျယ်အဝန်း ၃၃ ဒသမ ၁၁ ဧကပေါ်တွင် တည်ဆောက်ထားပြီး ၂၀၀၇ခုနှစ် ဇန်နဝါရီ ၂၀ရက်က စတင်ကာ တက္ကသိုလ်အဆင့် တိုးမြှင့်ဖွင့်လှစ်ခဲ့သည့် ကွန်ပျူတာတက္ကသိုလ်(ကျိုင်းတုံ)၊ ကျိုင်းတုံမြို့အရှေ့ဘက် ငါးမိုင်ခန့်အကွာ လွယ်မွေလမ်း ဝမ်မိုင်ရွာအနီး မြေ ၃၈ ဒသမ ၃၈ ဧကပေါ် တည်ဆောက်ထားသည့် နည်းပညာတက္ကသိုလ်(ကျိုင်းတုံ)စသည်ဖြင့် ကျိုင်းတုံတစ်ခွင် လေ့လာမကုန်နိုင်အောင် ရှိခဲ့သည်။ ၁၉၈၈ခုနှစ်က မိုက္ကရိုဝေ့ဗ်စခန်း မရှိခဲ့သော်လည်း ယခုအခါ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၌ မိုက္ကရိုဝေ့ဗ်စခန်း ၁၂ခုအထိ တိုးတက်ဖွင့်လှစ်ခဲ့ပြီဖြစ်ရာ တာချီလိတ် မိုက္ကရိုဝေ့ဗ်စခန်းနှင့် ဂျီအက်စ်အမ် ရေဒီယိုစခန်းတို့ကိုလည်း သွားရောက်လေ့လာခဲ့သည်။ ဒေသခံတိုင်းရင်းသားပြည်သူများ နိုင်ငံတစ်ဝန်းသို့ အချိန်နှင့်တစ်ပြေးညီ ဆက်သွယ်ပြောဆိုနေမှုများကို အားပါးတရ တွေ့မြင်ခဲ့ရသည်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် ဖွံ့ဖြိုးတိုးတက်မှုများအတွက် နိုင်ငံတော်က ဆက်လက်ဆောင်ရွက်သွားမည့် စီမံကိန်းများမှာ အကျိုးပြုဧက ၂၀၀ကျော်ကို ရေပေးဝေနိုင်မည့် ပင်းတောက်ရေလှောင်တမံ၊ ဒေသခံတိုင်းရင်းသားပြည်သူများ ရထားဖြင့် ခရီးသွားလာနိုင်ရေးအတွက် ၂၂၆မိုင်ရှည်သည့် မိုးနဲ-ကျိုင်းတုံရထားလမ်း၏ မိုးနဲ-တာဆန်းလမ်းပိုင်း၊ ၇၂မိုင်ရှည် တာဆန်း-မိုင်းဆတ်လမ်းပိုင်း၊ ၈၇မိုင်ရှည်သည့် မိုင်းဆတ်-ကျိုင်းတုံ လမ်းပိုင်းနှင့် ပေ ၁၈၀အထက် တံတားခြောက်စင်းကိုလည်း ထပ်မံတည်ဆောက်ပေးဦးမည်ဖြစ်ကြောင်း သိရသည်။ ထို့အပြင် ဆက်သွယ်ရေးကဏ္ဍ၌ စီဒီအမ်အေ၊ ဂျီအက်စ်အမ်၊ မိုဘိုင်းလ် တယ်လီဖုန်း၊ အော်တိုတယ်လီဖုန်းများ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်ရေးအတွက် ကျိုင်းတုံမြို့တွင် လိုင်း ၂၀၀တိုးချဲ့ခြင်းနှင့် တာချီလိတ်မြို့တွင် လိုင်း ၅၀၀ တိုးချဲ့ခြင်းလုပ်ငန်းများ၊ ကျိုင်းတုံမြို့နယ် ကတ်တောင်းရွာတွင် လိုင်း ၃၅၀ အော်တိုအိတ်ချိန်း တည်ဆောက်ခြင်းများကို စီစဉ်ဆောင်ရွက်နေပြီဖြစ်ရာ ဒေသဖွံ့ဖြိုးတိုးတက်မှုများ အံ့မခန်းဝေဖြာလာမည်မှာ သေချာနေကြောင်း တွေ့မြင်ခဲ့ရသည်။

ထို့နောက် ရှမ်းပြည်နယ်(မြောက်ပိုင်း) ဖွံ့ဖြိုးတိုးတက်မှုများကို လေ့လာရန် လားရှိုးမြို့သို့ ခရီးဆက်ခဲ့သည်။ ရှမ်းပြည်နယ်တစ်ဝန်း ရထား၊ ကား၊ လေယာဉ်ခရီးစဉ်များအနက် နှစ်သက်ရာကို ရွေးချယ်စီးနင်း သွားလာနိုင်ကြပြီဖြစ်ရာ တစ်ချိန်တစ်ခါက အိပ်မက်သဖွယ်ဖြစ်ခဲ့ရသော ခရီးစဉ်များ လက်ရှိအချိန်၌ အချိန်တိုအတွင်း လွယ်ကူချောမွေ့စွာ သွားလာနိုင်နေကြပြီကို ပီတိဖြစ်ဖွယ် ကြုံတွေ့ခံစားခဲ့ရသည်။ လားရှိုးတွင် မိတ်ဆွေဖြစ်သူ ဦးလဖုန်ချိုင်းက လာကြိုရာ ဒေသဖွံ့ဖြိုးတိုးတက်ရေးများကို လေ့လာကြည့်ရှုရင်း ဆွေးနွေးဖြစ်သည်။

မေး ။ ။ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှာ အထူးဖွံ့ဖြိုးရေးဒေသကြီးအဖြစ် သတ်မှတ်ထားတာ ဘယ်နေရာတွေလဲဗျ ဦးလဖုန်ချိုင်း။ ခင်ဗျားက ဒေသခံလည်းဖြစ်၊ နှံ့နှံ့စပ်စပ်လည်းသိလို့ မေးတာပါ။ ဘာတွေဆောင်ရွက်ထားလဲ ပြောပြပေးပါဦး။

ဖြေ ။ ။ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှာ အထူးဖွံ့ဖြိုးရေးဒေသကြီးအဖြစ် သတ်မှတ်ထားတာကတော့ လားရှိုးမြို့ပေါ့ဗျာ။ လားရှိုးမှာတော့ နည်းပညာတက္ကသိုလ်တစ်ခု၊ ကွန်ပျူတာတက္ကသိုလ်တစ်ခုနဲ့ လားရှိုးဆေးရုံတွေ တည်ဆောက်ပေးထားပါပြီ။ နည်းပညာတက္ကသိုလ်နဲ့ ကွန်ပျူတာတက္ကသိုလ်တွေက နှစ်စဉ် ပညာတတ်လူငယ် အတတ်ပညာရှင်တွေ အများအပြား မွေးထုတ်ပေးနိုင်နေပြီလေ။ ဒီလူငယ်တွေက အခုဆိုရင် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေမှာ ပါဝင်ဆောင်ရွက်နေကြပြီပေါ့။ အခြေခံပညာကျောင်းတွေဆိုရင်လည်း ၁၉၈၈ခုနှစ်က ၁၃၆၇ကျောင်းပဲ ရှိခဲ့ရာက အခုဆိုရင် ၁၆၆၇ ကျောင်းအထိ ကျောင်းပေါင်း ၃၀၀ကျော် တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့တယ်။ ဒါကြောင့် ဒေသခံတိုင်းရင်းသား ရင်သွေးငယ်တွေဟာ ငြိမ်းငြိမ်းချမ်းချမ်းနဲ့ အိုးမကွာ၊ အိမ်မကွာ ပညာဆည်းပူးခွင့် အခွင့်အလမ်းတွေ ရရှိနေတာပေါ့။ ဒါဟာ အမြော်အမြင်ကြီးမားပြီး ကျယ်ကျယ်ပြန့်ပြန့် လွှမ်းခြုံစေတနာထားနိုင်တဲ့ နိုင်ငံတော်အကြီးအကဲရဲ့ ဆန္ဒနဲ့ လမ်းညွှန်မှုတွေကြောင့်ပါပဲ။

စာမျက်နှာ ၁၀ ကော်လံ ၁

13-2 (07).pmd 1 2/13/2010, 1:47 AM

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုဆောင်းပါး
(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုဆောင်းပါး
(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုဆောင်းပါး

တူညီသည့် အကျိုးစီးပွား၊ ခွဲခြားမရသည့် ရေမြေ၊ မျှဝေခံစားရမည့် ကံကြမ္မာနှင့် အနာဂတ်နိုင်ငံတော်

စည်သူအောင်



နိုင်ငံတစ်နိုင်ငံ၊ လူ့အဖွဲ့အစည်းတစ်ခု၏ စည်းလုံးညီညွတ်ရေးအတွက် အဓိကကျသော အချက်တစ်ရပ်မှာ တူညီသည့် အကျိုးစီးပွားရှိခြင်းဖြစ်သည်ဟု မြင်မိပါသည်။ အသေးငယ်ဆုံးလူ့အဖွဲ့အစည်းတစ်ခုဖြစ်သည့် အိမ်ထောင်စုတစ်စုကိုပင် သာဓကထား၍ ကြည့်ပါက သွေးမတော် သားမစပ် လူသားယောကျ်ား၊ မိန်းမနှစ်ဦးတို့သည် တစ်ဦးနှင့်တစ်ဦး စိတ်တူကိုယ်တူ အပြန်အလှန် မှီခိုလိုအပ်မှုကြောင့် အတူတကွနေထိုင်ကာ ဘဝတစ်ခုကို အတူပေါင်းစပ် တည်ဆောက်ကြသည်။ မောင်တစ်ထမ်းမယ်တစ်ရွက် အတူစီးပွားရှာကြသည်။ အကျိုးတူပါရမီဖြည့်ဖက်များအဖြစ် ပြည်နိဗ္ဗာန်သောင်ကမ်းသို့တိုင် အတူတက်လှမ်းဖို့ ရည်မှန်းနေထိုင်သွားကြသည်။

ဤသို့ နှင်နှင်ပင် နိုင်ငံတစ်ခု၌လည်း နိုင်ငံသား တိုင်းရင်းသားလူမျိုးစုများအတွင်း အပြန်အလှန် မှီခိုအားထားရသည့် တူညီသော အကျိုးစီးပွားများက အချင်းချင်း ခွဲခြားနေထိုင်၍မရအောင် ကျစ်လျစ်သိပ်သည်းစွာ စည်းလုံးညီညွတ်ကြရန် ဖန်တီးလှုံ့ဆော်လေ့ရှိသည်။

ပြည်ထောင်စုမြန်မာနိုင်ငံသည်လည်း တိုင်းရင်းသားလူမျိုးစုပေါင်းတစ်ရာကျော် မှီတင်းနေထိုင်ကြသည့် နိုင်ငံဖြစ်ပြီး ပထဝီသွင်ပြင် အနေအထားအရ တိုင်းရင်းသားအားလုံး မဖြစ်မနေ စုစည်းညီညွတ်ကြရမည့် အကြောင်းအချက် အကျိုးစီးပွား လိုအပ်ချက်များရှိနေလေသည်။

ပထမဦးစွာ မဟာဗျူဟာ ပထဝီအနေအထား (Geo-strategic Position)ကို လေ့လာကြည့်ကြပါစို့။ မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများကိုကြည့်လျှင် အရှေ့ဖျားမှ မိုင်အနည်းငယ်သာ ဆက်စပ်နေသည့် လာအိုနိုင်ငံမှလွဲ၍ ကျန်နိုင်ငံများမှာ မြန်မာနိုင်ငံထက် လူဦးရေ ပိုမိုများပြားသော နိုင်ငံများဖြစ်ကြသည်။ ယင်းတို့အနက်မှ ကမ္ဘာပေါ်တွင် လူဦးရေအများဆုံးနှင့် ဒုတိယအများဆုံး နိုင်ငံကြီးနှစ်နိုင်ငံတို့နှင့် နယ်နိမိတ်ချင်း မိုင်ပေါင်းထောင်ချီ၍ ဆက်စပ်လျက်ရှိသည်။

မြန်မာနိုင်ငံကား သယံဇာတလည်း များစွာပေါကြွယ်၏။ လူနေစရာနေရာလည်း များစွာကျန်ရှိနေသေး၏။ ထို့ကြောင့် ယင်ဖိုမျှ မသန်းဖူးသေးသော အပျိုစင်ကို ရွှေစွန်ညိုဝဲသကဲ့သို့ ရစ်ဝဲသုတ်ချီ ဝါးမျိုလိုသူတို့လည်း များ၏။

ထို့ကြောင့် မြန်မာနိုင်ငံ၏ ပြည်ထောင်စုဒေသ နယ်မြေအစိတ်အပိုင်းတစ်ခုချင်း မည်သို့မျှသီးခြားခွဲ၍ ရပ်တည်နေနိုင်ခြင်း မရှိပေ။ ထိုသို့ခွဲခြားရပ်တည်လိုက်သည်နှင့် နွားကွဲလျှင် ကျားဆွဲခံရမည့် ကြမ္မာဆိုးမျိုးနှင့် ရင်ဆိုင်ရဖွယ်ရှိလေသည်။

သို့ဖြစ်ရာ **တိုင်းရင်းသားပြည်သူအားလုံး အစဉ်သဖြင့် တစ်စိတ်တစ်ဝမ်းတည်း စည်းလုံးညီညွတ်ကြကာ အချင်းချင်း အပြန်အလှန်ထောက်ကန်အားပြု မှီတည်နေကြမှသာ နိုင်ငံတစ်ခုအဖြစ် ခိုင်ခိုင်မာမာ ရှင်သန်ရပ်တည်နိုင်မည့် အခြေအနေရှိသည်ကို အလေးအနက် သတိချပ်အပ်ပေသည်။**

တစ်ဖန် နိုင်ငံကာကွယ်ရေးအရ ကြည့်ပြန်လျှင်လည်း မြန်မာနိုင်ငံသမိုင်းတစ်လျှောက်တွင် အရှေ့၊ အနောက်၊ တောင်၊ မြောက် လေးဖက်လေးတန်မှ ပြည်ပရန်များကို အစဉ်သဖြင့် တွန်းလှန်နိုင်ခဲ့ပြီး နိုင်ငံကို လုံခြုံအောင် ထားရှိနိုင်ခဲ့သည်မှာ တောင်တန်း၊ မြေပြန့်ဒေသအားလုံးမှ တိုင်းရင်းသားများ စည်းလုံးညီညွတ်စွာ စုပေါင်းကာကွယ်နိုင်ခဲ့ကြ၍ ဖြစ်၏။

ပထဝီအနေအထားအရ ဂငယ်ပုံသဏ္ဌာန် ဖြစ်တည်နေသော ရိုးမတောင်တန်း ကုန်းမြင့်ကြီးများသည် နိုင်ငံကို သဘာဝတံတိုင်းကြီးများသဖွယ် ပြည်ပရန်တို့မှကာကွယ်ပေးထားခဲ့သည်။ သို့သော် ယင်းတောင်တန်းကြီးများပေါ်၌ နေထိုင်ကြသော တိုင်းရင်းသားများကပါ အခြားကျူးကျော်သူတို့၏ရန်ကို ပူးပေါင်းကာကွယ်တွန်းလှန် တိုက်ခိုက်ခြင်းမရှိပါက မည်သို့မျှ ပြည်ပရန်တို့ကို ကာကွယ်နိုင်မည်မဟုတ်ပေ။

တစ်ဖန် တောင်တန်းဒေသများတွင် နေထိုင်ကြသည့် တိုင်းရင်းသားညီနောင်များအနေဖြင့်လည်း မြေပြန့်ဒေသမှ တိုင်းရင်းသားတို့ စိုက်ပျိုးထုတ်လုပ်သော ဆန်၊ ဆီ၊ ဆားမှအစ စားနပ်ရိက္ခာနှင့် လူသုံးကုန်ပစ္စည်းအမျိုးမျိုးတို့ကို နေ့စဉ် ဘဝရပ်တည်နေထိုင်မှုအတွက် လိုအပ်နေသည်သာဖြစ်၏။ မြေပြန့်ရှိ တိုင်းရင်းသားတို့ ထိုသို့ စိုက်ပျိုးထုတ်လုပ်နိုင်ရန် လိုအပ်သည့် မြေဆီသြဇာနှင့် စိုက်ပျိုးရေ ရရှိနိုင်စေသော ရေအရင်းအမြစ်မြစ်ကြီး၊ ချောင်းကြီးအားလုံးတို့သည်လည်း တောင်တန်းဒေသများမှ မြစ်ဖျားခံ စီးဆင်းလာကြခြင်း ဖြစ်လေသည်။

ထို့ကြောင့် မြန်မာနိုင်ငံအတွင်းရှိ မှီတင်းနေထိုင်ကြသော တိုင်းရင်းသားအားလုံးတို့သည် မြစ်ဖျား ချောင်းဖျားဒေသမှ မြစ်ဝ၊ ပင်လယ်ဝဒေသတိုင်အောင် တစ်မြေတည်းနေ တစ်ရေတည်းသောက်ကြသူများသာ ဖြစ်လေသည်။ မြန်မာနိုင်ငံသားတို့၏ မိခင်နှင့်ပမာ တူလှစွာသော ဧရာဝတီမြစ်ကို ကြည့်ပါလေ။ မြစ်ဖျားခံရာ မေခ၊ မလိခတစ်လျှောက်၌ ထရုံ၊ ရဝမ်၊ လီဆူ၊ မရူ၊ ဂျိန်းဖော စသည့် တိုင်းရင်းသားတို့ နေထိုင်ကြ၏။ ထိုမှအောက်သို့ သက်လေသော် ဗန်းမော်၊ ကသာတစ်ဝိုက်မှစ၍ ရှမ်းနီ၊ ကဒူး၊ ကဏန်း တိုင်းရင်းသားများ နေထိုင်သည့်ဒေသကို ဖြတ်သန်းစီးဆင်းရင်း ရှမ်းပြည်နယ်မြောက်ပိုင်းမှ ဆင်းလာသော ရွှေလီမြစ်နှင့် ပေါင်းဆုံသည်။ ခန္တီး၊ ရှမ်း၊ နာဂနှင့် ချင်းတိုင်းရင်းသားတို့ နေထိုင်ရာ ဒေသများကို ဖြတ်သန်းစီးဆင်းလာသည့် ဥရုချောင်းဖျားဒေသမှ စတင်သော ချင်းတွင်းမြစ်သည် ဧရာဝတီနှင့် ပခုက္ကူအနီးတွင် ပေါင်းဆုံသည်။

ထို့နောက် ဗမာတိုင်းရင်းသားအများစုနေထိုင်ရာ မြန်မာနိုင်ငံအလယ်ပိုင်းမှ မြစ်ဝကျွန်းပေါ်သို့ရောက်သော် ဗမာ၊ မွန်၊ ကရင်တိုင်းရင်းသားတို့၏ ဒေသများကိုဖြတ်ကာ ဘင်္ဂလားပင်လယ်အော်အတွင်းသို့ စီးဝင်လေသည်။ အလားတူပင် ရှမ်းတိုင်းရင်းသားတို့ထံမှ သံလွင်မြစ်ရေသည် ကရင်၊ မွန်တိုင်းရင်းသားတို့ထံ ရောက်ရှိကာ မုတ္တမပင်လယ်ကွေ့သို့ စီးဝင်သည်။ ချင်း၊ မြို၊ သက် တိုင်းရင်းသားတို့ထံမှ စီးဆင်းလာသော ကုလားတန်မြစ်၊ လေးမြို့မြစ်ရေများသည် ရခိုင်တိုင်းရင်းသားတို့ထံ ရောက်ရှိသွားသည်။ ရှမ်းပြည်နယ်အတွင်း၌ ကချင်၊ ပအိုဝ်း၊ ဓနု၊ တောင်သူ၊ ဝ၊ လားဟူ၊ အခါစသော တိုင်းရင်းသားများစွာ နေထိုင်ကြသကဲ့သို့ ကချင်ပြည်နယ်အတွင်း၌လည်း ဂျိန်းဖော၊ မရူ၊ ရဝမ်၊ လီဆူ၊ ရှမ်းနီ၊ ကဒူး၊ ကဏန်းစသော တိုင်းရင်းသားများစွာ နေထိုင်ကြသည်။ ကရင်ပြည်နယ်အတွင်း၌လည်း မွန်၊ ပအိုဝ်း၊ ဗမာတိုင်းရင်းသားများ နေထိုင်ကြသကဲ့သို့ ဧရာဝတီတိုင်း၊ ပဲခူးတိုင်းတို့အတွင်း၌လည်း ကရင်၊ ရှမ်း၊ မြေပြန့်ချင်းစသည့် တိုင်းရင်းသားများရှိနေကြသည်သာဖြစ်သည်။

ထိုရေ ထိုမြေတို့ကို မည်သူပိုင်သည်/ မည်ဝါပိုင်သည်ဟူ၍ မည်သို့ခွဲခြားနိုင်ကြမည်နည်း။ စင်စစ် မြန်မာတစ်နိုင်ငံလုံးသည် ပြည်ထောင်စုသားအားလုံးပိုင်သော နယ်မြေကြီးဖြစ်သည်။ လွတ်လပ်သော မြန်မာနိုင်ငံတွင် နိုင်ငံသားအားလုံး လွတ်လပ်စွာ သွားလာနိုင်သည်၊ လွတ်လပ်စွာ ရောင်းဝယ်ဖောက်ကားနိုင်သည်၊ လွတ်လပ်စွာ အသက်မွေးဝမ်းကျောင်းနိုင်သည်၊ လွတ်လပ်စွာ အခြေချနေထိုင်နိုင်သည်။ ဤကား မြန်မာနိုင်ငံ လွတ်လပ်ပြီးချိန်မှစ၍ အခြေခံဥပဒေအဆက်ဆက်တွင် အာမခံ ပြဋ္ဌာန်းထားသောအချက် ဖြစ်လေသည်။ ဤသို့လွတ်လပ်စွာ ကူးလူးဆက်ဆံသွားလာရောင်းဝယ်ဖောက်ကား အခြေချနေထိုင်နိုင်ခြင်းဖြင့် ကိုလိုနီခေတ်က သွေးခွဲရေးဥပဒေများဖြင့် တောင်တန်းမြေပြန့် ကူးသန်းဝင်ရောက်ခွင့်ပါ ပိတ်ပင်ထားခဲ့မှုကြောင့် ပေါ်ပေါက်ခဲ့ရသော တိုင်းရင်းသားချင်း အနေဝေး၍ သွေးအေးမှုများ၊ အပြန်အလှန် သံသယများကိုပယ်ဖျောက်၍ နားလည်ချစ်ခင်မှုများ တိုးပွားလာပေလိမ့်မည်။ တိုင်းရင်းသားချစ်ကြည်စည်းလုံးမှုများ ပိုမိုဖွံ့ထွား ရှင်သန်လာပေလိမ့်မည်။ ဤအရေးကို ရှေးရှုမြော်မြင်၍ နိုင်ငံတော်အစိုးရက စီးပွားရေးအရ တွက်သားမကိုက်၍ နယ်ချဲ့တို့ မဖောက်လုပ်ဘဲ ချန်လှပ်ထားခဲ့သော တိုင်းရင်းသား သွေးချင်းတို့နေထိုင်ရာ ဝေးသီခေါင်ဖျားသော ဒေသများသို့တိုင် လမ်းများဖောက်၊ တံတားများဆောက်၍ ကူးလူးယှက်သွယ်နေခြင်းဖြစ်သည်။

စင်စစ်၌ သေချာဆင်ခြင်စေ့ငု မျှော်ရှုကြည့်ပါက ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားအားလုံးသည် ခွဲခြားနေထိုင်၍ မရအောင် အပြန်အလှန် မှီခိုနေရသည့် တူညီသော အကျိုးစီးပွားလည်း ရှိကြသည်။ ခွဲခြား၍မရသော ရေမြေဒေသတစ်ခုတည်းအတွင်း၌ နီးကပ်ရောယှက်ကာ အတူတကွ နေထိုင်လာခဲ့ကြသည်။ ခွဲခြား၍မရသော ကံကြမ္မာကိုလည်း အတူတကွ ခံစားခဲ့ကြရသည်။ နယ်ချဲ့တို့၏ ကျွန်ဘဝရောက်ရှိခဲ့ရစဉ်ကလည်းအတူတူ မည်သူမျှမကျန်ခဲ့ဘဲ ကျွန်ဖြစ်ခဲ့ကြရသည်။ လွတ်လပ်ရေးရတော့လည်း အတူတကွ တစ်ချိန်တည်း တစ်ပြိုင်တည်း၊ တစုတစည်းတည်း တစ်နိုင်ငံတည်းအဖြစ် ရခဲ့ခြင်းဖြစ်သည်။ ကမ္ဘာစစ်၏ ဘေးဒဏ်ကို ခံခဲ့ရပြန်စဉ်ကလည်း အတူတူပင်။ ပြည်တွင်းသောင်းကျန်းမှု ဒဏ်ချက်တွင်လည်း လွတ်ကျန်ခဲ့သူဟူ၍ မရှိခဲ့ပါ။ ထို့အတူ ကြီးပွားချမ်းသာဖို့၊ ဖွံ့ဖြိုးတိုးတက်၍ ခေတ်မီသောနိုင်ငံကြီး တည်ဆောက်ဖို့ရာတွင်လည်း အတူတကွ ပါဝင်ကြိုးပမ်း၍ အတူတကွ မျှဝေခံစားကြရမည်သာ ဖြစ်ပါသည်။

အကျိုးစီးပွားတူ၊ ဘဝတူ၊ ကံကြမ္မာတူ တစ်ရေတစ်မြေတည်း အတူနေ သွေးချင်းတို့၏ လက်များသည် အချင်းချင်း ထိုးနှက်သတ်ပုတ်ရန်အတွက် မဟုတ်ပါချေ။ လက်ချင်းတွဲဆက်၍ ခေတ်မီတိုးတက် ဖွံ့ဖြိုးသော အေးချမ်းသာယာသည့် အနာဂတ်နိုင်ငံတော်သစ်ကြီးကို စိတ်သစ်၊ လူသစ်၊ အားမာန်သစ်တို့ဖြင့် ခိုင်ခိုင်မာမာ ကြိုးပမ်းတည်ဆောက်သွားကြရန်သာ ဖြစ်ပါလေသည်။ ။

မြန်မာတစ်နိုင်ငံလုံးသည် ပြည်ထောင်စုသားအားလုံးပိုင်သော နယ်မြေကြီးဖြစ်။ လွတ်လပ်သော မြန်မာနိုင်ငံတွင် နိုင်ငံသားအားလုံး လွတ်လပ်စွာ သွားလာနိုင်၊ လွတ်လပ်စွာ ရောင်းဝယ်ဖောက်ကားနိုင်၊ လွတ်လပ်စွာ အသက်မွေးဝမ်းကျောင်းနိုင်၊ လွတ်လပ်စွာ အခြေချနေထိုင်နိုင်။ ဤကား မြန်မာနိုင်ငံ လွတ်လပ်ပြီးချိန်မှစ၍ အခြေခံဥပဒေအဆက်ဆက်တွင် အာမခံ ပြဋ္ဌာန်းထားသော အချက်ဖြစ်။

၂၀၁၀ ခုနှစ် (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ ဦးတည်ချက် (၅)ရပ်

၁။ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊

၂။ တိုင်းရင်းသား ပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ် ရှင်သန်ထွန်းကားရေး၊

၃။ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပအဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုဖြင့် ပူးပေါင်းကာကွယ်တားဆီးရေး၊

၄။ တိုင်းရင်းသားပြည်သူများ၏ တစ်ခဲနက်ထောက်ခံမှုဖြင့် အတည်ပြုခဲ့သော နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး၊

၅။ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။

ပြည်ထောင်စုပန်းခင်း

* ပြည်ထောင်စုတွင်၊ တူဖွားမြင်သည့်
အသွင်မခြား၊ တိုင်းရင်းသားတို့
ရိုးသားဖြူစင်၊ ဆွေညာခင်၍
အမြင်ညီတူ၊ ဆန္ဒတူစွာ
ဘယ်သူခွဲစေ၊ ခိုင်မြဲနေမည်
ဤမြေထက်တွင်၊ လက်တွဲယှဉ်၍
အစဉ်ထာဝရ၊ ညီညွတ်ကြ။

* တောင်ပေါ်မြေပြင်၊ ပြည်နယ်ခွင်မှ
ကချင်, ကယား၊ ညီနောင်များတို့
လေးစားချစ်ခင်၊ မွန်, ကရင်နှင့်
သန့်စင်မေတ္တာ၊ ချင်း, မြန်မာသည်
ညီညာစိတ်ဝမ်း၊ ရခိုင်, ရှမ်းနှင့်
လျှောက်လှမ်းမည့်လမ်း၊ ဖြောင့်ဖြောင့်တန်းရန်
ကြိုးပမ်းနေကြ၊ တူတကွ။

* ဖူးငုံခက်ညှာ၊ ပန်းပမာလို
လန်းဖြာစေရာ၊ များညီညာ၍
ဝေဆာပွင့်အောင်၊ တူကျိုးဆောင်ကာ
ပြည်ထောင်စုပန်းခင်း၊ ဥယျာဉ်တွင်းက
သွေးချင်းနီးရင်း၊ စည်းလုံးခြင်း၏
ရွှင်းပဏာ၊ ပန်းမျိုးတစ်ရာကို
ကမ္ဘာသိမြင်၊ မျက်ဝါးထင်သည်
ပြည်ခွင်လျှမ်းပ၊ မြင်ကွင်းမှ
ကြည်လင်ချမ်းမြ၊ ပန်းခင်းအလှ။ ။

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုလျက်-

နန်းမွန်ဟိန်း

နီးလျက်နဲ့ မဝေးတော့ပါ။

ကာတွန်း-ဝေရှင်

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုသတင်းဆောင်းပါး (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုသတင်းဆောင်းပါး (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုသတင်းဆောင်းပါး

စာမျက်နှာ ၇ မှ

မေး ။ ။ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှာ လမ်းပန်းဆက်သွယ်ရေးနဲ့ တည်ဆောက်ပြုပြင်မှုအပိုင်းတွေကော အင်အားဖြည့် ဆောင်ရွက်နိုင်ရဲ့လားဗျ ဦးလဖုန်ချိုင်း။

ဖြေ ။ ။ လုပ်နိုင်ပြီပေါ့ဗျာ။ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှာ ၁၉၈၈ခုနှစ်က ပေ ၁၈၀အထက်တံတား ၁၄စင်းပဲ ရှိခဲ့တာ။ အခုဆိုရင် ၂၁စင်းအထိ ဆောက်လုပ်ပေးထားနိုင်ပြီလေ။ ဥပမာပြောရရင် ဒုဋ္ဌဝတီတံတား (နောင်ချို)၊ သံလွင်ကြိုးတံတား တာကော်အက်၊ သံလွင်မြစ်ကူး တာပါးတံတားတွေလည်း ပါဝင်တာပေါ့။ မော်တော်ကားလမ်းတွေ ဆိုရင်လည်း ၁၉၈၈ခုနှစ်က ကားလမ်းအရှည် ၁၆၇၉မိုင်သာရှိခဲ့ပြီး အခုဆိုရင် ကားလမ်းအရှည် ၄၉၃၈မိုင်ကျော်အထိ တိုးချဲ့ဖောက်လုပ်နိုင်ခဲ့ပြီဆိုတော့ ၁၉၈၈ခုနှစ်ကထက် မော်တော်ကားလမ်းအရှည် ၃၂၅၉မိုင်ကျော် ပိုပြီး တိုးချဲ့နိုင်ခဲ့တာပေါ့။ ဒါကြောင့် အခုဆိုရင် ဒေသခံတိုင်းရင်းသားတွေဟာ ကတ္တရာခင်းလမ်းမကြီးပေါ်မှာ ရုပ်မြင်သံကြားစက်တွေပါတဲ့ အဆင့်မြင့်အဝေးပြေး မော်တော်ယာဉ်ကြီးတွေနဲ့ အချိန်မရွေး၊ ရာသီမရွေး သက်သောင့်သက်သာစွာ ခရီးသွားနေကြတာ မြင်တဲ့အတိုင်းပဲလေ။ ဘယ်လောက် ကျေနပ်ပီတိဖြစ်စရာ ကောင်းသလဲ။

မေး ။ ။ ဒါထက် ရှမ်းပြည်နယ်(မြောက်ပိုင်း)မှာ စိုက်ပျိုးရေးနဲ့ ဆည်တမံတွေရဲ့ အခြေအနေကိုလည်း ပြောပြပေးပါဦး။ တိုးတက်မှုကော ရှိရဲ့လား။

ဖြေ ။ ။ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှာ တောင်ကုန်းတောင်တန်းတွေ ရှိတယ်ဆိုပေမယ့် စိုက်ပျိုးမြေတွေကို တိုးချဲ့နိုင်အောင် ကြိုးစားနိုင်ခဲ့ကြတယ်။ စပါး၊ လက်ဖက်၊ ဂုန်လျှော်စိုက်ခင်းတွေကို တစ်မျှော်တစ်ခေါ် တွေ့မြင်နေရတာပဲ။ ၁၉၈၈ ခုနှစ်က စုစုပေါင်း စိုက်ပျိုးမြေဧရိယာ ၁၀၇၄၃၁၅ ဧကသာရှိခဲ့ပေမယ့် အခုဆိုရင် စိုက်ပျိုးမြေဧက ၁၅၀၄၂၃၉ အထိ တိုးချဲ့နိုင်ခဲ့တာဆိုတော့ စိုက်ပျိုးဧက ၄၂၉၉၂၄ဧက ပိုမိုတိုးချဲ့နိုင်ခဲ့တာပေါ့။ ဆည်တမံအနေနဲ့ကြည့်မယ်ဆိုရင်လည်း ၁၉၈၈ ခုနှစ်က ဆည်တမံ ၃၄၉ ခုသာ ရှိခဲ့ပေမယ့် အခုဆိုရင် ဆည်တမံ ၄၆၀အထိ တိုးချဲ့တည်ဆောက်ပေးနိုင်ခဲ့တယ်လေ။ လားရှိုးမြို့နယ်အတွင်းမှာ ဟူးမွန်ရေလှောင်တမံ၊ ကောက်ကွေ့ရေလှောင်တမံတွေ တည်ဆောက်ပေးနိုင်ခဲ့ပြီး စိုက်ပျိုးမြေဧက ရာပေါင်းများစွာကို စိုက်ပျိုးရေပေးဝေနိုင်နေပြီမို့ စီးပွားဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်တဲ့ ဒေသခံတိုင်းရင်းသားတွေ အများကြီးထွက်ပေါ်နေပြီ။ ရှမ်းပြည်နယ်(မြောက်ပိုင်း)က အရင်ကနဲ့မတူတော့ဘူး။ ထူးခြားပြောင်းလဲနေပြီဆိုတာ မျက်မြင်တွေ့ရမှာပါ။

လားရှိုးမြို့နှင့် အနီးဝန်းကျင်ဒေသများကို လိုက်လံလေ့လာခဲ့သည်။ တိုင်းရင်းသား ရင်သွေးငယ်များ အဆင့်မြင့်ပညာရပ်များကို စိတ်အေးချမ်းသာစွာ ပညာသင်ကြားနေသည့် နည်းပညာတက္ကသိုလ်(လားရှိုး)နှင့် ကွန်ပျူတာတက္ကသိုလ်(လားရှိုး)တို့၏ ခမ်းနားဝင့်ထည်စွာ တည်ရှိနေမှု၊ ရေအားလျှပ်စစ်စက်ရုံများ၊ မော်တော်ယာဉ် မောင်းတက်၊ မောင်းဆင်းနိုင်အောင် တည်ဆောက်ထားသည့် ဟူးမွန်ရေလှောင်တမံကလည်း ဆည်ရေအပြည့်ဖြင့် စိုက်ပျိုးရေ နိုင်နင်းစွာပေးဝေနိုင်မှုအနေအထားကို အားရဖွယ် မြင်တွေ့ရသည်။

အချိန်မရွေးဆက်သွယ်နိုင်

ရှမ်းပြည်နယ်(မြောက်ပိုင်း) ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည့် စီမံကိန်းများမှာ ဧက ၂၅၀၀ကို ရေပေးနိုင်မည့် သိန္နီမြို့နယ် နမ့်မျှင်ရေလှဲဆည်၊ လောက်ကိုင်မြို့နယ်အတွင်း ဧက ၅၀၀ကို ရေပေးဝေနိုင်မည့် ကြာတီလင် ရေတားတမံနှင့် ဧက၁၂၀ကို ရေပေးဝေနိုင်မည့် ပါးဝေရေလွှဲဆည်တို့ကို တည်ဆောက်ရန် စီစဉ်နေပြီဖြစ်သည်။ ဆည်တမံများ တည်ဆောက်ပြီးပါက စိုက်ဧကများ တိုးချဲ့နိုင်ကာ စိုက်ပျိုးရေးထွက်ကုန် ပိုမိုတိုးတက်များပြားလာမည်ဖြစ်သဖြင့် ဒေသခံတိုင်းရင်းသားများ စီးပွားပိုမိုဖွံ့ဖြိုးတိုးတက်လာပေတော့မည်။ တစ်ဖန် ကွတ်ခိုင်၊ ကောင်းခါးမြို့သစ်၊ သိန္နီမြို့နယ်၊ နမ္မတူမြို့နယ်နှင့် မန်တုံမြို့နယ်တို့တွင် စီဒီအမ်အေ တယ်လီဖုန်းအလုံး ၇၅၀ တပ်ဆင်ပေးတော့မည်ဖြစ်ရာ ဒေသခံတိုင်းရင်းသား ညီအစ်ကိုမောင်နှမများ၏ လက်တစ်ကမ်းအကွာ၌ တယ်လီဖုန်းများဖြင့် နိုင်ငံတစ်ဝန်း အချိန်မရွေး ဆက်သွယ်ပြောဆိုနိုင်ကြတော့မည်။ ထို့အပြင် မိုးမိတ်မြို့နယ်အတွင်း မဂ္ဂါဝပ် ၈၀၀ ထုတ်လုပ်နိုင်မည့် ဓာတ်အားပေးစက်ရုံတစ်ရုံကိုလည်း တည်ဆောက်တော့မည်ဖြစ်ရာ ရှမ်းပြည်နယ်(မြောက်ပိုင်း)၏ ဖွံ့ဖြိုးမှုအလှတရားများက အနာဂတ်ကာလတွင် ဝေဖြာထွန်းပနေတော့မည်ဖြစ်သည်။

ရှမ်းပြည်နယ်တစ်ခုလုံး၏ ဖွံ့ဖြိုးတိုးတက်မှုအဖုံဖုံကိုလေ့လာခဲ့ပြီး ပြန်လည်ထွက်ခွာခဲ့သည်။ နိုင်ငံတော်သည် ရှမ်းပြည်နယ်ကို အခြားသော ပြည်နယ်နှင့် တိုင်းများနည်းတူ ရင်ဝယ်သားကဲ့သို့ ဖြူစင်သော စေတနာ၊ ကျယ်ပြန့်နက်ရှိုင်းသော မေတ္တာတို့ဖြင့် နယ်ပယ်ကဏ္ဍစုံတွင် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးလျက်ရှိသည်။ ဆက်လက်ဆောင်ရွက်နေဆဲလည်းဖြစ်သည်ကို မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ရသည်။ နိုင်ငံတော်၏ ကြီးမားသော စေတနာနေခြည်အောက်တွင် ရှမ်းပြည်နယ်တစ်ခွင်၌ တည်ငြိမ်အေးချမ်းမှု တေးသံတလွင်လွင်ဖြင့် ဖွံ့ဖြိုးမှုအလင်းရောင်များ တောက်ပဖြာဝေနေပြီဟုတွေးရင်း ကြည်နူးပီတိဖြစ်ခဲ့ရပါကြောင်း ပြည်ထောင်စုနေ့ကို ဂုဏ်ပြုရေးသားတင်ပြလိုက်ရပါသည်။ ။

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ်တွင် တည်ဆောက်ထားသည့် ဟူးမွန်ရေလှောင်တမံမှ ဒေသခံတောင်သူများ ရာသီမရွေး စိုက်ပျိုးဖြစ်ထွန်းရန် ရေပေးဝေပေးလျက်ရှိသည်။ (မြန်မာ့အလင်း)

တောင်တန်းပေါများသော ရှမ်းပြည်နယ်မှ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအနေဖြင့် ပြည်ထောင်စုတစ်ဝန်း နယ်မြေဒေသအသီးသီးသို့ ရာသီမရွေး၊ အချိန်မရွေး ခရီးသွားလာရေး လွယ်ကူချောမွေ့စေရန်နှင့် ကုန်စည်စီးဆင်းမှု လျင်မြန်စေရန်အတွက် လမ်း၊ တံတားများကို နိုင်ငံတော်က တိုးချဲ့ဖောက်လုပ်ပေးခဲ့ရာတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ်အတွင်း တည်ဆောက်လျက်ရှိပြီး မကြာမီပြီးစီးတော့မည့် လိန်းလီတံတားကြီးကလည်း ရှမ်းပြည်နယ်ဖွံ့ဖြိုးတိုးတက်မှုအကျိုးကို ဖြည့်ဆည်း သယ်ပိုးပေးနိုင်ပေတော့မည်....။ (မြန်မာ့အလင်း)

ရှမ်းပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှုများ

စဉ်	အကြောင်းအရာ	ရေတွက်ပုံ	၁၉၈၈	၂၀၀၉	တိုးတက်မှု
၁	ဆည်တမံ	ခု	၃၈၃	၅၂၂	၁၃၉
၂	မြစ်ရေတင်လုပ်ငန်း	ခု	-	၇	၇
၃	ကြိုးဝိုင်းတော	စတုရန်းမိုင်	၂၁၉၂.၉၆	၉၈၄၇.၄၀	၇၆၅၄.၄၄
၄	ကြိုးပြင်ကာကွယ်တော	စတုရန်းမိုင်	-	၆၀၂.၂၇၂	၆၀၂.၂၇၂
၅	ရထားလမ်း	မိုင်	၁၈၀.၃၈	၄၉၆.၅၉	၃၁၆.၂၁
၆	ကားလမ်း	မိုင်	၃၅၉၆.၇	၇၈၇၇	၄၂၈၀.၃
၇	ပေ ၁၈၀အထက်တံတား	စင်း	၂၈	၄၅	၁၇
၈	စာတိုက်စခန်း	ခု	၈၈	၁၆၂	၇၄
၉	ကြေးနန်းရုံး	ရုံး	၃၁	၈၉	၅၈
၁၀	တယ်လီဖုန်းရုံး	ရုံး	၂၇	၁၂၈	၁၀၁
၁၁	မိုက္ကရိုဝေ့ဗ်စခန်း	ခု	-	၄၄	၄၄
၁၂	ရေအားလျှပ်စစ်စက်ရုံ	ရုံ	၂	၁၅	၁၃
၁၃	အခြေခံပညာကျောင်း	ကျောင်း	၃၆၅၂	၅၀၂၂	၁၃၇၀
၁၄	တက္ကသိုလ်၊ ကောလိပ်	ခု	၂	၅	၃
၁၅	နည်းပညာတက္ကသိုလ်၊ ကောလိပ်	ခု	-	၄	၄
၁၆	ကွန်ပျူတာတက္ကသိုလ်	ခု	-	၄	၄
၁၇	ဆေးရုံများ	ရုံ	၈၆	၁၄၄	၅၈

ရှမ်းပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ဆဲ / ဆောင်ရွက်မည့်စီမံကိန်းများ

အကြောင်းအရာ	တည်နေရာ	မှတ်ချက်
ရှမ်းပြည်နယ်(တောင်ပိုင်း)		
		အကျိုးပြုဧက
- မြို့ကြီးရေလှောင်တမံစီမံကိန်း(ဆောင်ရွက်ဆဲ)	ရွာင်မြို့နယ်	ဧက ၃၀၀၀၀
- ကျိုင်းခမ်းရေလှောင်တမံစီမံကိန်း(ဆောင်ရွက်ဆဲ)	ရပ်စောက်မြို့နယ်	
- မလန်းခမ်းဆည်(ဆောင်ရွက်ဆဲ)	နမ့်စန်မြို့နယ်	ဧက ၁၅၀၀
- နမ့်လုရေလွှဲဆည် (ဆောင်ရွက်ဆဲ)	မောက်မယ်မြို့နယ်	ဧက ၄၇၀
- ထီဗွာရေလှောင်တမံ	တောင်ကြီးမြို့နယ်	ဧက ၇၀၀ (ဆောင်ရွက်မည့်စီမံကိန်း)
- ပေ ၁၈၀နှင့် အထက်တည်ဆောက်ဆဲတံတား (လိန်းလီတံတား)	ပင်လောင်းမြို့နယ်	တည်ဆောက်ဆဲ
- မိုးနဲ-ကျိုင်းတုံရထားလမ်း	မိုးနဲမှ ကျိုင်းတုံ	ဆောင်ရွက်ဆဲ
တာဆန်းရေအားလျှပ်စစ်စီမံကိန်း	မိုင်းပန်မြို့နယ်	မဂ္ဂါဝပ်၇၁၁၀(ပင်မရေအားလျှပ်စစ်)၊ မဂ္ဂါဝပ်၂၀၀(အကူရေအားလျှပ်စစ်)
အထက်ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်း	မိုင်းပန်မြို့နယ်	၅၁မဂ္ဂါဝပ်
ရှမ်းပြည်နယ်(အရှေ့ပိုင်း)		
- ပင်းတောက်ရေလှောင်တမံ	ကျိုင်းတုံမြို့နယ်	အကျိုးပြုဧက ၂၀၀
- မိုးနဲ-ကျိုင်းတုံ မီးရထားလမ်း (၂၂၆)မိုင် မိုးနဲ-တာဆန်းလမ်းပိုင်း (၆၇)မိုင် တာဆန်း-မိုင်းဆတ် လမ်းပိုင်း (၇၂)မိုင် မိုင်းဆတ်-ကျိုင်းတုံ လမ်းပိုင်း (၈၇)မိုင်	ရှမ်းပြည်နယ် (အရှေ့ပိုင်း)	၂၀၀၉-၂၀၁၀ဘဏ္ဍာရေးနှစ်မှစ၍ ဆောင်ရွက်လျက်ရှိပါသည်။
- ဘူတာပေါင်း(၁၈)ခု		
- ပေ ၄၀အောက်တံတား ၄၄၅စင်း		
- ပေ ၄၀ နှင့် ပေ ၁၈၀ ကြားတံတား ၁၀စင်း		
- ပေ ၁၈၀အထက်တံတား ခြောက်စင်း		
CDMA/ GSM မိုဘိုင်းလ်တယ်လီဖုန်း အော်တိုတယ်လီဖုန်း	ကျိုင်းတုံမြို့ တာချီလိတ်မြို့ ကတ်တောင်ကျေးရွာ၊ ကျိုင်းတုံမြို့နယ်	လိုင်း(၂၀၀)တိုးချဲ့ခြင်း လိုင်း(၅၀၀) တိုးချဲ့ခြင်း လိုင်း(၃၅၀)အော်တိုအိတ်ချိန်း တည်ဆောက်ခြင်း
ရှမ်းပြည်နယ်(မြောက်ပိုင်း)		
- ရေလှောင်တမံ	သိန္နီမြို့နယ် နမ့်မျှင်ရေလွှဲဆည်	အကျိုးပြုဧက ၂၅၀၀
	လောက်ကိုင်မြို့နယ် ကြာတီလင်ရေတားတမံ	အကျိုးပြုဧက ၅၀၀
	ပါးဝေရေလွှဲဆည်	အကျိုးပြုဧက ၁၂၀
- CDMA-450		
ကွတ်ခိုင်	၇၅၀ လုံး	
ကောင်းခါးမြို့သစ်	၇၅၀ လုံး	
သိန္နီမြို့နယ်	၇၅၀ လုံး	
နမ္မတူမြို့နယ်	၇၅၀ လုံး	
မန်တုံမြို့နယ်	၇၅၀ လုံး	
နမ္မတူဘော်တွင်း	၇၅၀ လုံး	
- တည်ဆောက်မည့်လျှပ်စစ်စွမ်းအားစီမံကိန်း	မိုးမိတ်မြို့နယ်	မဂ္ဂါဝပ်၈၀၀ (ရွှေလီ ၃)

တိုင်းမှူးဗိုလ်ချုပ်မြင့်စိုးနှင့် ဝန်ကြီးဒေါက်တာချမ်းငြိမ်း

ကန့်ဘလူမြို့နယ် အမှတ်(၃)ရပ်ကွက် တိုးချဲ့မြို့ရေပေးဝေရေး ဖွင့်ပွဲတက်ရောက်

နေပြည်တော် ဖေဖော်ဝါရီ ၁၂

စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်စိုးသည် ပညာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာချမ်းငြိမ်းနှင့်အတူ ဇန်နဝါရီ ၂၇ရက်က စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ကန့်ဘလူမြို့ အမှတ်(၃)ရပ်ကွက်၌ ကျင်းပသည့် တိုးချဲ့မြို့ရေပေးဝေရေး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိက မြို့ရေပေးဝေရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး မြို့မိမြို့ဖတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ဖွင့်လှစ်ပေး

ထို့နောက် စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး၊ တိုင်းဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် မြို့မိမြို့ဖတစ်ဦးတို့က တိုးချဲ့မြို့ ရေပေးဝေမှုကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး တိုင်းမှူးက ရေစက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထိုမှတစ်ဆင့် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ကန့်ဘလူမြို့ အမှတ်(၁) အခြေခံပညာ မူလတန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြပြီး ဝန်ကြီး၊ မြို့မိမြို့ဖတစ်ဦးနှင့် အလှူရှင်တို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ တိုင်းမှူးက ကျောင်းဆောင်သစ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းမှူးနှင့်ဝန်ကြီးတို့သည် တာဝန်ရှိသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး အထိမ်းအမှတ် သစ်ပင်များကို စိုက်ပျိုးကြကာ ကျောင်းဆောင်သစ်ကို လှည့်လည် ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို အဆိုပါကျောင်းဆောင်၌ကျင်းပရာ တိုင်းမှူးနှင့် ဝန်ကြီးတို့က အမှာစကားပြောကြားကြပြီး အလှူရှင်က ကျောင်းဆောင်သစ်နှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ကာ ဒေသခံတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။ ထိုမှတစ်ဆင့် နတ်ပေးကျေးရွာ စက်ရေတွင်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိက စက်ရေတွင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ရပ်မိရပ်ဖတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။ ထို့နောက် စက်ရေတွင်းကို ဝန်ကြီးနှင့်ဇနီးတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဖဲကြိုးဖြတ်

ဆက်လက်၍ တိုင်းမှူး(**အပေါ်ပုံ**)နှင့် ဝန်ကြီးတို့သည် နတ်ပေးကျေးရွာ အေးမြချမ်းသာ စာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူးက စာကြည့်တိုက်နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဒေသခံတစ်ဦးက ကျေးဇူးတင်စကားပြောကြားကာ မြို့နယ်ဦးစီးမှူးနှင့် ဒေသခံ တစ်ဦးတို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းမှူးက စာကြည့်တိုက်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ တိုင်းမှူး၊ ဝန်ကြီးနှင့် မြို့မိ မြို့ဖတစ်ဦးတို့က စာကြည့်တိုက်အတွက် စာအုပ်၊စာတမ်းများကို ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ယခုအပတ်ထုတ် News Watch (စောင့်ကြည့်)ဂျာနယ်ထွက်ပြီ

ရန်ကုန် ဖေဖော်ဝါရီ ၁၂

တရားမဝင် လိုင်စင်မဲ့ မော်တော်ယာဉ်များကို ဖမ်းဆီး၊ တရုတ်များအလိုအရ ကျားနှစ်သို့ ကူးပြောင်းလာ၊ ဘယ်လိုအကျိုးဆက်တွေ ဖြစ်လာမလဲ၊ စူပါမားကတ်(ကုန်တိုက်ကြီးများ)နှင့် စတိုးဆိုင်ကြီးများသို့ ငွေအကြွေ ၁၀သိန်းအထိ လဲလှယ်ပေးမည်၊ မိုဘိုင်းလ်ဖုန်းစစ်စစ်ကိုသာ ဝယ်ပါ၊ မိုဘိုင်းလ်ဖုန်းစစ်စစ်၏ ဈေးကွက်အတိအကျ၊ A(H1N1)ရောဂါပိုမိုဂရုစိုက်ရမည်၊ ယာယီပိတ်ထားသော ကျောင်းများသင်ကြားရေး မထိခိုက်ရန် ဆောင်ရွက်မည်၊ မြန်မာ့သင်္ကေတရောဝတီ အနာတရဖြစ်နေပြီလော၊ အဝီစိတွင်းရေ ဖြန့်ဖြူးမှုသုံးစွဲသူများ အခက်ကြုံ၊ကိုကိုးကျွန်းတွင် လျှပ်စစ်ဓာတ်အားနှင့် ရေချိုထုတ်စက် အသုံးပြုတော့မည်၊ ရခိုင်ကမ်းလွန်ပင်လယ်ပြင် ရေနံလုပ်ကွက်များ သဘာဝဓာတ်ငွေ့ပိုက်လိုင်း စတင်နေပြီ၊ ကျေးလက်ဒေသများအတွက် စပါးခွံသုံးမီးဖို ရောင်းချတော့မည်၊ ငပြာရည်ဇုန်မြေကွက် ၂၂၉ကွက် လုပ်ငန်းရှင်များ ဝယ်ယူနေ၊ အိုင်ဒီရော်လော်ဂျီခန်းခြောက်ရင် အိပ်မက်မမက်တတ်ဘူး၊ ယောက်ျားလျာ၊ မိန်းမလျာ ဘာကြောင့် ဖြစ်ကြသလဲ၊ ဆရာဝန်၏ သိပ္ပံနည်းကျရေးသားချက်။

အမတ်ဖြစ်ချင်သူများအကြောင်း၊ အလောင်းမင်းတရား လက်ထက်က ရန်ကုန်မြို့၊ ဆရာဇင်ယော်နီ၏ ကံကောင်းလိုသူများအတွက် လိုက်ဖက်တဲ့ ဂဏန်းများ။ လွမ်းမပြေကိုရီးယားဇာတ်လမ်းတွဲမှ လီဟန်နီရဲ့ ကလေးဘဝ သရုပ်ဆောင် ကင်ဆိုအင်အသက် ၂၀ပြည့်ပြီ၊ ကျောင်းဝတ်စုံများနှင့် ကိုရီးယား သရုပ်ဆောင်များ၊ တရုတ်စာ၊ တရုတ်စကား သင်ကြရအောင်၊ အိုဘားမား စီးပွားရေး ကိုင်တွယ်ပုံ လူထုထောက်ခံမှုနည်းပါး၊ အမေရိကန်ကွန်နက်တီကပ်ပြည်နယ် ဓာတ်အားပေးစက်ရုံပေါက်ကွဲ၊ တောက်တဲ့က သစ်ကိုင်းယောင်ဆောင်၊ ပြင်သစ်သမ္မတရဲ့ ဖခင် ချွေးမပုံကို ပြပွဲတင်မည်၊ အမေရိကန်၊ဗြိတိန်၊အာဖဂန်တပ်ဖွဲ့များ၊ အာဖဂန်စစ်ပွဲတွင် တာလီဘန်တို့ကို အကြီးအကျယ် ထိုးစစ်ဆင်တော့မည်၊ ကမ္ဘာ့နိုင်ငံရေးလောကမှ စောင့်ကြည့်ရမည့် ပုဂ္ဂိုလ်များနှင့် News Watch(စောင့်ကြည့်)ဂျာနယ်ကို ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မီးငြိမ်းသတ်ရေး လေ့ကျင့်သရုပ်ပြ

တောင်တွင်းကြီး ဖေဖော်ဝါရီ ၁၂

တောင်တွင်းကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် အဖွဲ့ပိုင်မြို့မဈေးကြီး မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် မီးငြိမ်းသတ်ရေး လေ့ကျင့်သရုပ်ပြခြင်းကို ဇန်နဝါရီ ၃၁ရက် နံနက် ၁၀နာရီက မြို့မဈေးကြီးအတွင်း၌ ကျင်းပသည်။ မီးငြိမ်းသတ်ရေး ဓာတ်တိုက်လေ့ကျင့်သရုပ်ပြပွဲကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်ဝင်းနှင့် မြို့နယ်မီးသတ်တပ်ဖွဲ့မှူး ဦးခင်မောင်ကိုတို့ဦးဆောင်ပြီး အဖွဲ့ဝန်ထမ်းများ၊ ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးအကျိုးတော်ဆောင်များ စုစုပေါင်း အင်အား ၁၀၀ခန့် ပူးပေါင်းဆောင်ရွက်ခဲ့ရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြတ်ကျော်နှင့် မြို့မိမြို့ဖများက ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို ညွှန်ကြားဆောင်ရွက်ခဲ့ကြောင်း သိရသည်။ *(မြို့နယ်စည်ပင်)*

ပထမအကြိမ် အစာအိမ်၊ အူလမ်းကြောင်းနှင့် အသည်းရောဂါပညာ နှီးနှောဖလှယ်ပွဲ စာနယ်ဇင်းရှင်းလင်းပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၂

မြန်မာနိုင်ငံဆရာဝန်အသင်း အစာအိမ်၊ အူလမ်းကြောင်းနှင့် အသည်းရောဂါပညာအဖွဲ့က ကြီးမှူးကျင်းပမည့် ပထမအကြိမ် အစာအိမ်၊ အူလမ်းကြောင်းနှင့် အသည်းရောဂါပညာ နှီးနှောဖလှယ်ပွဲနှင့်စပ်လျဉ်း၍ စာနယ်ဇင်းရှင်းလင်းပွဲကို ဖေဖော်ဝါရီ ၁၁ရက် မွန်းလွဲ ၂နာရီခွဲတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများ ဟိုတယ်၌ ကျင်းပသည်။

တက်ရောက်

အဆိုပါ စာနယ်ဇင်းရှင်းလင်းပွဲသို့ ပထမအကြိမ် အစာအိမ်၊ အူလမ်းကြောင်းနှင့် အသည်းရောဂါပညာ နှီးနှောဖလှယ်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ ခင်မောင်ဝင်းနှင့် ကော်မတီဝင်များ၊ နှီးနှောဖလှယ်ပွဲကျင်းပရေး ကော်မတီအတွင်းရေးမှူး မြန်မာနိုင်ငံဆရာဝန်အသင်း အစာအိမ်၊ အူလမ်းကြောင်းနှင့် အသည်းရောဂါပညာအဖွဲ့ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ သန်းသန်းဆွေနှင့် အဖွဲ့ဝင်များ၊ အမှတ်(၂)တပ်မတော် ဆေးရုံကြီး ခုတင်(၅၀၀)မှ အစာအိမ်၊အူလမ်းကြောင်း ရောဂါကုသမှုဌာန ပါမောက္ခဌာနမှူး ဒုတိယဗိုလ်မှူးကြီးကျော်စိုးထွန်းနှင့် စာနယ်ဇင်း အသီးသီးတို့မှ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပထမအကြိမ် အစာအိမ်၊ အူလမ်းကြောင်းနှင့် အသည်းရောဂါပညာ နှီးနှော ဖလှယ်ပွဲကျင်းပရေး ကော်မတီဥက္ကဋ္ဌ ပါမောက္ခဒေါက်တာ ခင်မောင်ဝင်းက နှီးနှောဖလှယ်ပွဲ ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ရှင်းလင်းပြောကြား

ထို့နောက် နှီးနှောဖလှယ်ပွဲကျင်းပရေး ကော်မတီအတွင်းရေးမှူး မြန်မာနိုင်ငံဆရာဝန်အသင်း အစာအိမ်၊အူလမ်းကြောင်းနှင့် အသည်းရောဂါပညာအဖွဲ့ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ သန်းသန်းဆွေနှင့် အစာအိမ်၊ အူလမ်းကြောင်းနှင့် အသည်းရောဂါကု ပါမောက္ခဆရာဝန်ကြီးများနှင့် အမှတ်(၂) တပ်မတော်ဆေးရုံကြီး ခုတင်(၅၀၀)မှ အစာအိမ်၊ အူလမ်းကြောင်း ရောဂါကုသမှုဌာန ပါမောက္ခဌာနမှူး ဒုတိယဗိုလ်မှူးကြီးကျော်စိုးထွန်းတို့က နှီးနှောဖလှယ်ပွဲနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြသည်။

အဆိုပါ ပထမအကြိမ် အစာအိမ်၊ အူလမ်းကြောင်းနှင့် အသည်းရောဂါပညာ နှီးနှောဖလှယ်ပွဲကို ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်၌ ဖေဖော်ဝါရီ ၂၇ရက်နှင့် ၂၈ရက်တို့တွင် နံနက် ၈နာရီမှ ညနေ ၆နာရီအထိ ကျင်းပသွားမည်ဖြစ်ပြီး ပြည်တွင်းပြည်ပမှ အစာအိမ်၊ အူလမ်းကြောင်းနှင့် အသည်းရောဂါကု ပါမောက္ခဆရာဝန်ကြီးများ တက်ရောက် ဆွေးနွေးကြမည်ဖြစ်ရာ စိတ်ပါဝင်စားသူ ဆရာဝန်များအားလုံး စာရင်းပေးသွင်းတက်ရောက်နိုင်ကြကြောင်းနှင့် အသေးစိတ်သိလိုပါက လမ်း ၃၀ဆေးခန်း(30th Street Clinic)တွင် စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ပထမအကြိမ် အစာအိမ်၊ အူလမ်းကြောင်းနှင့် အသည်းရောဂါပညာနှီးနှောဖလှယ်ပွဲနှင့် စပ်လျဉ်း၍ စာနယ်ဇင်းရှင်းလင်းပွဲတွင် ပထမအကြိမ် အစာအိမ်အူလမ်းကြောင်းနှင့် အသည်းရောဂါပညာ နှီးနှောဖလှယ်ပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ ခင်မောင်ဝင်း ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြား အစီအစဉ်

၁၃-၂-၂၀၁၀ (စနေနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+အင်္ဂုလိမာလသုတ် ဇောချွင်္ဂသုတ်၊ ပုဗ္ဗဏှသုတ်
- ၅:၁၅ MRTV-4 သတင်း
- ၆:၀၀ **တွေ့၊ မြင်၊ သိ** တရားတော် (ဆရာတော် ဓမ္မဒူတ အရှင်ဆေကိန္ဒ)
- ၆:၄၅ စွယ်တော်လေးဆူ ဆုပန်ယူ
- ၇:၀၀ MRTV-4 သတင်း
- ၇:၄၅ ပန်းချီပြခန်း (Strength of Life)
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၂၀)
- ၈:၃၀ Sports World
- ၈:၅၅ Activities in the City အမေထွားပဲဆီသန့်(မကွေး)၏ ဂုဏ်ပြုပွဲအခမ်းအနား
- ၉:၀၅ လှပသောအနာဂတ်ရောင်စဉ်တန်းများဖြင့် မီးပန်းပွဲတော်
- ၉:၁၅ စိတ်ခံစားမှုကို ရေးဆွဲအရောင်တင်သူများရဲ့ My Friend Mandalay ပန်းချီပြပွဲ
- ၉:၃၅ Global Panorama (ဦးကိုကိုလှိုင်၊ မျိုးမြတ်သူ)
- ၁၀:၄၅ ရိုးရာဆေးပညာမှသည် လူထုကျန်းမာရေးစောင့်ရှောက်မှုဆီသို့
- ၁၁:၀၅ သတင်းပေးလို့ဖော် တောင်ငူပဲကြော်၊ ပဲလှော်
- ၁၁:၂၀ သွားမယ်စားမယ် (Enjoy Grills, Salads & Korean Food)
- ၁၁:၅၀ အမျိုးသားများနှင့်ပတ်သက်သော အကြော၊ အဆစ်ရောဂါအကြောင်း သိကောင်းစရာ(အပိုင်း-၁) ဒေါက်တာ ပန်ဒိုရာအောင်ကြီး၊ နေတိုး၊ ထွန်းထွန်း၊မိုးမိုး၊ ကျော်ကျော်ဗို
- ၁၂:၁၅ ခံစားချက်တို့ပေါင်းစုံရာ ငပလီကမ်းခြေသာ
- ၁၂:၃၅ ပြည်ထောင်စုတေးအစီအစဉ်
- ၁၂:၅၀ Activities in the City အမေထွားပဲဆီသန့် (မကွေး)၏ ဂုဏ်ပြုပွဲအခမ်းအနား
- ၁:၀၀ **တွေ့၊ မြင်၊ သိ** တရားတော် (ဆရာတော် ဓမ္မဒူတ အရှင်ဆေကိန္ဒ)
- ၂:၀၀ MRTV-4 သတင်း
- ၂:၅၀ Fashion Music Festival (Duet ကမ်းခြေ)
- ၃:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၂၀)
- ၄:၀၀ ကလေးများနဲ့ ကျန်းမာရေး (ဒေါက်တာ ခင်စပယ်အေး)
- ၄:၁၅ လှပသောအနာဂတ်ရောင်စဉ်တန်းများဖြင့် မီးပန်းပွဲတော်
- ၄:၃၀ ရိုးရာဆေးပညာမှသည် လူထုကျန်းမာရေးစောင့်ရှောက်မှုဆီသို့
- ၄:၄၅ **ချစ်တတ်ကြရအောင်** ထွန်းထွန်းဝင်း၊ အောင်ရဲလင်း၊ ချစ်စနိုးဦး၊ သန်းသန်းစိုး [ဒါရိုက်တာ-သိန်းဟန်(ဖီးနစ်)]
- ၄:၅၅ စိတ်ခံစားမှုကို ရေးဆွဲအရောင်တင်သူများရဲ့ My Friend Mandalay ပန်းချီပြပွဲ
- ၅:၁၀ အမျိုးသားများနှင့်ပတ်သက်သော အကြော၊ အဆစ်ရောဂါအကြောင်း သိကောင်းစရာ(အပိုင်း-၁) ဒေါက်တာ ပန်ဒိုရာအောင်ကြီး၊ နေတိုး၊ ထွန်းထွန်း၊မိုးမိုး၊ ကျော်ကျော်ဗို
- ၅:၃၀ MRTV-4 ကာတွန်းအစီအစဉ်
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ သွားမယ်စားမယ် (Enjoy Grills, Salads & Korean Food)
- ၆:၅၀ အင်တာနက်လမ်းညွှန် Website အညွှန်း (အပိုင်း-၄)
- ၇:၀၀ Fashion Music Festival (Duet ကမ်းခြေ)
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၅ FA Cup Preview
- ၈:၅၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၂၀)
- ၉:၂၅ FA Cup (Derby Vs Birmingham)
- ၁၁:၂၅ FA Cup (Man City Vs StokeCity)
- ၁:၀၀ အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်ကို
ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင်
ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။
မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင်
UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

FA Cup ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်များ	ပြသမည့်လိုင်း
၆:၀၀	**Chelsea-Cardiff**	**STAR SPORTS (Live)**
၆:၅၅	**Southampton-Portsmouth**	**ESPN(Live)**
၉:၂၅	**Reading-West Bromwich**	**ESPN(Live)**
	Derby- Birmingham	**STAR SPORTS (Live)**
၁၁:၃၀	**Man City - Stoke City**	**STAR SPORTS (Live)**

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားများကျင်းပ၊ သဝဏ်လွှာများ ဖတ်ကြား

လသာမြို့နယ် ဥက္ကဋ္ဌ ဦးစိုးဝင်း သဝဏ်လွှာ ဖတ်ကြားစဉ်။
(မြို့နယ် ပြန်/ဆက်)



ကျောက်တံတားမြို့နယ် ဥက္ကဋ္ဌ ဦးထွေးမြင့် သဝဏ်လွှာ ဖတ်ကြားစဉ်။
(မြို့နယ် ပြန်/ဆက်)



ရန်ကင်းမြို့နယ် ဥက္ကဋ္ဌ ဦးကိုကိုအောင် သဝဏ်လွှာ ဖတ်ကြားစဉ်။
(၁၇၀)

သာကေတမြို့နယ် ဥက္ကဋ္ဌ ဦးကံစောလှိုင် သဝဏ်လွှာ ဖတ်ကြားစဉ်။
(၁၁၆)

လမ်းမတော်မြို့နယ် ဥက္ကဋ္ဌ ဦးသိန်းဆင့် သဝဏ်လွှာ ဖတ်ကြားစဉ်။
(မြို့နယ် ပြန်/ဆက်)

တာမွေမြို့နယ် ဥက္ကဋ္ဌ ဦးစိန်မောင်ဝင်း သဝဏ်လွှာ ဖတ်ကြားစဉ်။
(၁၇၁)

ဆိပ်ကမ်းမြို့နယ် ဥက္ကဋ္ဌ ဦးထွန်းထွန်းနိုင် သဝဏ်လွှာ ဖတ်ကြားစဉ်။
(မြို့နယ် ပြန်/ဆက်)

အင်းစိန်မြို့နယ် ဥက္ကဋ္ဌ ဦးအောင်ဆွေ သဝဏ်လွှာ ဖတ်ကြားစဉ်။
(မြို့နယ် ပြန်/ဆက်)

မင်္ဂလာဒုံမြို့နယ် ဥက္ကဋ္ဌ ဦးငြိမ်းထွေး သဝဏ်လွှာ ဖတ်ကြားစဉ်။
(မြို့နယ် ပြန်/ဆက်)

မှော်ဘီမြို့နယ် ဥက္ကဋ္ဌ ဦးကျော်စိုးလွင် သဝဏ်လွှာ ဖတ်ကြားစဉ်။
(မြို့နယ် ပြန်/ဆက်)

သင်္ဃန်းကျွန်းမြို့နယ် ဥက္ကဋ္ဌ ဦးမောင်မောင်လွင် သဝဏ်လွှာ ဖတ်ကြားစဉ်။
(၁၂၁)

ကမာရွတ်မြို့နယ် ဥက္ကဋ္ဌ ဦးအောင်တင် သဝဏ်လွှာ ဖတ်ကြားစဉ်။
(မြို့နယ် ပြန်/ဆက်)

ဒေါပုံမြို့နယ် ဥက္ကဋ္ဌ ဦးမျိုးနိုင် သဝဏ်လွှာ ဖတ်ကြားစဉ်။
(မြို့နယ် ပြန်/ဆက်)

ဗိုလ်တထောင်မြို့နယ် ဥက္ကဋ္ဌ ဦးဆန်းမော် သဝဏ်လွှာ ဖတ်ကြားစဉ်။
(မြို့နယ် ပြန်/ဆက်)



ဗဟန်းမြို့နယ် ဥက္ကဋ္ဌ ဦးအောင်မွန်လတ် သဝဏ်လွှာ ဖတ်ကြားစဉ်။
(၁၃၅)

ပြင်ဦးလွင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ နောင်ဝယ်-လွန်ကောင်း ကျေးရွာ ကျောက်ချော လမ်းခင်းခြင်း ဆောင်ရွက်မှု အခြေအနေကို အမှုဆောင်အရာရှိ ဒုတိယ ညွှန်ကြားရေးမှူး ဦးတင်ဝင်း ကြီးကြပ်ဆောင်ရွက်စဉ်။
(မြို့နယ်စည်ပင်)

အင်းစိန်မြို့နယ် ဂီတအစည်းအရုံး ဆိုင်းဘုတ်တင်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၂

၂၀၁၀ ခုနှစ် (၆၃)နှစ်မြောက်ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် အင်းစိန်မြို့နယ် ဂီတအစည်းအရုံးဆိုင်းဘုတ်တင်ပွဲနှင့် ရုံးခန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက်တွင် အင်းစိန်မြို့နယ် အောင်ဇေယျအိမ်ရာ တိုက်(၂) အခန်း(၅၀၁)၌ ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဂီတအစည်းအရုံး (ဗဟို)မှ အလုပ်အမှုဆောင်များ၊ မြို့နယ်ဂီတအစည်းအရုံး အမှုဆောင်များ၊ လူမှုရေးအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ ဂီတအစည်းအရုံးဝင်များ တက်ရောက်ကြပြီး အင်းစိန်မြို့နယ် ဂီတအစည်းအရုံးဆိုင်းဘုတ်နှင့် ရုံးခန်းကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်ဆွေနှင့် တာဝန်ရှိသူများက ဖွင့်လှစ်ပေးသည်။ အင်းစိန်မြို့နယ် ဂီတအစည်းအရုံးအနေဖြင့် အမျိုးသားတေးဂီတ ထိန်းသိမ်းမြှင့်တင်ရေး၊ ပြည်သူ့အကျိုးပြုတေးဂီတများ ရှင်သန်ထက်မြက်ရေးနှင့် စည်းရုံးရေးလုပ်ငန်းစဉ်များကို ရုံးခန်းဖွင့်လှစ်ကာ စဉ်ဆက်မပြတ်ဆောင်ရွက်သွားမည်ဟု သိရသည်။

(မြန်မာ့အလင်း)

13-2 (12).pmd 1 2/13/2010, 1:47 AM

(၂၉)နှစ်မြောက် မင်္ဂလာဆုတောင်း

ချစ်ဒယ်ဒီ ဗိုလ်မှူးတင်ထွန်းဝင်း(ငြိမ်း)နှင့် ချစ်မာမီ ဒေါ်ခင်ယုမေတို့၏ ၁၃-၂-၂၀၁၀ရက်တွင် ကျရောက်သည့် (၂၉)နှစ်မြောက် မင်္ဂလာရက်မြတ်မှသည် ရွှေရတု၊ စိန်ရတုများတိုင် ချစ်သား၊ ချစ်သမီးတို့နှင့်အတူ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းတို့ပြည့်စုံစွာဖြင့် သာသနာ့အကျိုး၊ နိုင်ငံ့အကျိုးတို့ကို ဆတက်ထမ်းပိုးထမ်းဆောင်ရင်း ပြီးပြည့်စုံသောဘဝလေးကို ထာဝရပိုင်ဆိုင်နိုင်ပါစေဟု ဆုမွန်ကောင်းတောင်းလျက်····

ချစ်သမီးကြီး - မပွင့်သဇင်
M.E(IT),TU(Thanlyin)
Ph.D(EC)(Course Work),Y.T.U

ချစ်သားငယ်လေး - ဗိုလ်လောင်းရှင်းသန့်အောင်။

ကျေးဇူးရှင်မိဘနှစ်ပါးအတွက် (၂၉)နှစ်မြောက် မင်္ဂလာဆုတောင်း

ချစ်ဖေဖေ-ဦးတင်ထွန်း(ခ)ဦးထွန်း
ချစ်မေမေ-ဒေါ်ခင်ခင်(ခ)လေးလေးခင်
၈/၄၁၊ ဘုရင့်နောင်ပွဲရုံတန်း၊ မရမ်းကုန်း။

သက္ကရာဇ် ၂၀၁၀ခုနှစ် ဖေဖော်ဝါရီ ၁၃ရက်တွင်ကျရောက်သော ဖေဖေ မေမေတို့၏ (၂၉)နှစ်မြောက် မင်္ဂလာအခါသမယတွင် ဖေဖေနှင့်မေမေ ကျန်းမာချမ်းသာစွာဖြင့် လောကီလောကုတ္တရာ နှစ်ဖြာသောအကျိုးတို့ကို သယ်ပိုးရွက်ဆောင်လျက် ချစ်သားသမီးများနှင့်အတူ ဘဝခရီးကို ပျော်ရွှင်စွာလျှောက်လှမ်းနိုင်ပါစေကြောင်း မင်္ဂလာဆုမွန် တောင်းအပ်ပါသည်-ရိုသေစွာဂါရဝဖြင့်-

ချစ်သမီးကြီး - ဖြူဖြူသင်း B.Com
ချစ်သားကြီး - ဗိုလ်ကြီးကျော်ဝင်းထွန်း B.E (Mechanical)
ချစ်သမီးငယ် - သီဂီအေး B.A (English)
ချစ်သားလတ် - ဒုတိယဗိုလ်ထက်မောင် B.Sc (Physics)
ချစ်သားငယ် - ထက်နောင်ကျော် First Year (Civil)။

ထိမ်းမြားလက်ထပ်ပြီးစီးခြင်း

ရန်ကုန်တိုင်း၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ ပါရမီလမ်းနေ
ဦးတင်ဝင်း(ညွှန်ကြားရေးမှူး-ပြစ်မှု၊ တရားရုံးချုပ်၊ မန္တလေး)-ဒေါ်သီတာစိုး
တို့၏သားကြီး

မောင်လင်းသူမောင် (LL.B)

ဦးစီးအရာရှိ (စစ်ကိုင်းတိုင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မုံရွာမြို့)

နှင့်

ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ သမိုင်းနေ
ဦးလှရွှေ(အငယ်တန်းအင်ဂျင်နီယာ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန-ငြိမ်း)-ဒေါ်ခင်တုတ်တို့၏သမီးငယ်

မမြတ်မွန်သဲ (LL.B)

တို့သည် ၁၂-၂-၂၀၁၀ရက် (သောကြာနေ့)တွင် ရန်ကုန်မြို့၌ နှစ်ဖက်သော မိဘဆွေမျိုးမိတ်သင်္ဂဟများနှင့် ဂုဏ်သရေရှိလူကြီးမင်းများ၏ ရှေ့မှောက်တွင် ထိမ်းမြားလက်ထပ်ပြီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်လင်းသူမောင်-မမြတ်မွန်သဲ။

အမြန်ပြန်လာပါ

ဒေါ်ဖြူဖြူဝင်း(ခ)ဒေါ်လှလှဝင်း ၉/မနတ(နိုင်)၀၃၂၄၀၃ အမြန်ပြန်လာပါ။ အားလုံး စိတ်ပူနေကြသည်။ ခွင့်လွှတ်သည်။

ခင်ပွန်း-
ဦးခင်မောင်ကြည်
ဖုန်း-၀၉-၂၀၂၂၀၆၉၊
၀၉-၂၀၅၇၅၀၉။

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်နေ ကျွန်တော်၏သမီးဖြစ်သူ မနုနုယဉ် ၅/ရဥန(နိုင်)၀၅၅၁၈၀သည် မိဘနှင့်ညီအစ်ကိုမောင်နှမများအား အကြိမ်ကြိမ် စိတ်ဆင်းရဲအောင်ပြုလုပ်နေပါသဖြင့်သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအား(လုံးဝ)တာဝန်မယူပါ။

ဖခင်-ဦးဘချုပ်
၅/ရဥန(နိုင်)၀၀၆၀၀၇
မိခင်-ဒေါ်ကံစိန်
၅/ရဥန(နိုင်)၀၀၆၂၃၇။

အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်း၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ မြေကွက်အမှတ်(၅)၊ ဧရိယာ ၁၂၀၀ စ/ပေရှိသော နှစ်(၆၀)မြေငှားဂရန် မြေကွက်နှင့်ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ်၊ ပါရမီလမ်း၊ (၅)ရပ်ကွက်၊ အမှတ်(၁၈၆/ခ)ဟုခေါ်တွင်သော နေအိမ်အဆောက်အအုံအပါအဝင် ဆက်နွယ်ပတ်သက်သည့် အကျိုးခံစားခွင့် အရပ်ရပ်များအားလုံးတို့အား တရားဝင်အမည်ပေါက် ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုလာသူ ဦးလှဝင်း ၇/ပခန(ပြု)၀၀၀၀၁၈ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် ညှိနှိုင်းသဘောတူညီချက်အရ စရန်ငွေပေးချေပြီးဖြစ်ပါ၍ အဆိုပါပစ္စည်းအရပ်ရပ်တို့နှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ပြောဆိုကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်တင်ပြကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိခဲ့ပါက အရောင်းအဝယ်အားပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမျိုးအောင် LL.B,D.I.L
WIPO.G.C.I.P(Switzerland)
တရားရုံးချုပ်ရှေ့နေ

EMPEROR LAW FIRM
အမှတ်-၈၃၊ အခန်း(၁၈)၊ တတိယ ထပ်၊ ပန်းဆိုးတန်းလမ်း၊
ရန်ကုန်မြို့။ ဖုန်း-၂၄၀၀၁၈၊ ၇၃၀၀၅၆၂၊ ၅၂၂၄၁၅။

၂၀၁၀ခုနှစ် (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ရက်က ကျောက်တန်းမြို့နယ် စံချိန်မီအားကစား ကွင်း၌ ကျင်းပစဉ်။ (၁၁၅)



လှိုင်မြို့နယ်

၂၀၁၀ခုနှစ် (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ဖေဖော်ဝါရီ၁၂ရက်က လှိုင်မြို့နယ်၌ ကျင်းပစဉ်။ (၁၂၈)



အလုံမြို့နယ်

၂၀၁၀ခုနှစ် (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ရက်က အလုံမြို့နယ် အထက(၄) ကျောင်းဝင်း၌ ကျင်းပစဉ်။ (မြို့နယ်ပြန်/ဆက်)

လှိုင်သာယာမြို့နယ်

၂၀၁၀ခုနှစ် (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ရက်က လှိုင်သာယာမြို့နယ် အထက(၁) မြက်ခင်းပြင်၌ ကျင်းပစဉ်။ (၀၉၇)



စမ်းချောင်းမြို့နယ်

၂၀၁၀ခုနှစ် (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ဖေဖော်ဝါရီ၁၂ရက်က စမ်းချောင်းမြို့နယ် အထက(၂) အားကစားကွင်း၌ ကျင်းပစဉ်။ (၁၀၃)

SONY ALPHA CAMERA MODEL အသစ် မိတ်ဆက်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၂

SONY ALPHA CAMERA MODEL အသစ် မိတ်ဆက်ပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပရာ TMW Interprise Limited မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်များ၊ ဓာတ်ပုံပညာရှင်များ၊ မော်ဒယ်လ်သရုပ်ဆောင်များနှင့် ဓာတ်ပုံပညာရပ်ကို စိတ်ဝင်စားသူဝါသနာရှင်များ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

အဆိုပါအခမ်းအနားတွင် TMW Interprise Limitedမှ ဒါရိုက်တာ ဒေါ်ဝေသစ်လွင်က နှုတ်ခွန်းဆက်စကားပြောကြား၍ တာဝန်ရှိသူက SONY ALPHA CAMERA ၏ ဆန်းသစ်သည့် နည်းပညာများနှင့် အသုံးပြုပုံများကို ရှင်းလင်းတင်ပြပြီး SONY ALPHA CAMERA ကို လက်ရှိအသုံးပြုနေသူ ဓာတ်ပုံပညာရှင်ဦးဖေမြင့်ဦးက ကင်မရာနှင့်ပတ်သက်သည့် လက်တွေ့ရိုက်ကူးရာတွင် တွေ့ရှိချက်များကို ရှင်းလင်းတင်ပြကာ အခမ်းအနားသို့ တက်ရောက်လာသူများ၏ သိလိုသည့် မေးမြန်းချက်များကို ပြန်လည်ဖြေကြားသည်။

ဝယ်ယူနိုင်

SONY ALPHA CAMERA များဖြစ်သည့် α 330၊α 550 နှင့် α 500 ကင်မရာများတွင် Quick AF Live View တပ်ဆင်ထားသောကြောင့် Phase-detection autofocus ၏ တိကျမှုကို ရရှိစေနိုင်မည်ဖြစ်သည်။ Eye-Start function သည်လည်း Userကြည့်သော ပုံရိပ်ပေါ်တွင် autofocus ဖြတ်ပေးသည်။ Memory Card Slot နှစ်ခုပါရှိပြီး Memory Stick Duo Slot တွင် high-capacity Memory Stick PRO Duo™ နှင့် Memory Stick PRO-HG Duo™ medias (the latest Memory Stick PRO-HG Duo HX card) တို့လည်း ပါဝင်သည်။ SD (Secure Digital) slot သည် SDHC နှင့် အဆင်ပြေစေသည်။ New BIONZ image processor နှင့် high ISO sensitivity of up to12800 တို့ကို ပေါင်းစပ်ထားသောကြောင့် အသုံးပြုသူများအနေဖြင့် အလင်းအားနည်းသောနေရာများတွင် ရိုက်ကူးရာ၌ control များကို ပိုမိုအသုံးပြုလာနိုင်သည်။ High-Speed Continuous Shooting, Auto HDR အမျိုးအစား ကင်မရာအသစ်များတွင် burst shooting speed နှင့် ပုံဖမ်းယူနိုင်သော အားသာချက်များ ပါရှိလာသည့်အတွက် ဓာတ်ပုံပညာရှင်များအကြား ဆွဲဆောင်မှုရှိပြီး စိတ်ကျေနပ်မှု အကောင်းဆုံး ပေးစွမ်းနိုင်ကြောင်းနှင့် SONY ALPHA CAMERA MODEL အသစ်များကိုဝယ်ယူလိုပါက SONY အရောင်းပြခန်းများ၌ ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

SONY ALPHA CAMERA MODEL အသစ်မိတ်ဆက်ပွဲအခမ်းအနားတွင် TMW Interprise Limited မှ ဒါရိုက်တာ ဒေါ်ဝေသစ်လွင်က နှုတ်ခွန်းဆက်စကားပြောကြားစဉ်။
(သတင်းစဉ်)

SONY ALPHA CAMERA MODEL အသစ်မိတ်ဆက်ပွဲ အခမ်းအနားတွင် ဖိတ်ကြားထားသော ဧည့်သည်များ၊ ဓာတ်ပုံပညာရှင်များ SONY ALPHA CAMERA ၏ ဆန်းသစ်သည့် နည်းပညာများနှင့် အသုံးပြုပုံများကို လက်တွေ့ ကိုင်တွယ်အသုံးပြုနေကြစဉ်။
(သတင်းစဉ်)

သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

အလက(၂) တောင်ဥက္ကလာပ မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၂

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် အမှတ်(၂)အခြေခံပညာအလယ်တန်းကျောင်း တပည့်ဟောင်းများ၏ ပထမအကြိမ်အာစရိယပူဇော်ပွဲကို မတ် ၂ရက် (တောင်သူလယ်သမားနေ့) နံနက် ၉နာရီတွင်ကျင်းပမည်ဖြစ်ရာ အလှူငွေများ ထည့်ဝင်လှူဒါန်းလိုပါက ဦးသိန်းမြင့် ဖုန်း- ၅၆၆၄၆၀၊ ဦးမျိုးဝင်း ဖုန်း-၀၉-၅၁-၂၁၇၇၄၊ ဦးထွန်းထွန်း ဖုန်း-၀၉-၈၀-၃၃၄၇၀၊ ဦးအောင်ကြည်မြင့်၊ ဒေါ်ဝတ်ရည်ခိုင် ဖုန်း-၅၇၂၉၉၁၊ ဒေါ်အေးအေးမြင့် ဖုန်း-၇၂၃၁၂၆၊ ဒေါ်မာမာရီ ဖုန်း-၅၆၁၉၀၄နှင့် ဒေါ်ဥမ္မာငြိမ်း ဖုန်း-၅၆၉၀၅၂တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ကမ္ဘာတစ်လွှား ထူးထူးခြားခြား ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ရှာဖွေတင်ပြသူ ➢ မောင်မောင်မြင့်ဆွေ စာမျက်နှာဖွဲ့စည်းမှု ➢ ဝင့်မာသွင် (မြန်မာ့အလင်း)

ကမ္ဘာပေါ်၌ ထီးဆောင်းသူဦးရေအများဆုံး

ဆားဗီးယားနိုင်ငံ ဆူဘိုတီကာမြို့တွင် အမျိုးသား အမျိုးသမီး ၁၀၂၆ဦးတို့က တစုတဝေးတည်း အပူဒဏ်မှ ကာကွယ်ရန် ထီးများပြိုင်တူဆောင်းထားကြရာ ကမ္ဘာပေါ်၌ တစုတဝေးတည်း ထီးဆောင်းသူအဖြစ် လူဦးရေအများဆုံးအဖြစ် မှတ်တမ်းတင်ခြင်းခံရသည်။ (ယာပုံ) (အင်တာနက်)

ခန္ဓာကိုယ်တွင် အပ်ချောင်းအရေအတွက် အများဆုံးထိုးစိုက်သူ



အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်း အဂါတာလာမြို့တွင် နေထိုင်သူ အသက် ၅၁နှစ်အရွယ် ဘီဟာရက်ဝါကျ အမည်ရှိ အမျိုးသားတစ်ဦးသည် ခန္ဓာကိုယ်အနှံ့၌ အပ်ချောင်းပေါင်း ၆၆၆၆ချောင်းကို ထိုးစိုက်ထားခဲ့ရာ ကမ္ဘာပေါ်တွင် ခန္ဓာကိုယ်၌ အပ်ချောင်းအရေအတွက် အများဆုံး ထိုးစိုက်သူအဖြစ် မှတ်တမ်းတင်ခြင်းခံရသည်။ (ဝဲပုံ) (အင်တာနက်)

လက်ဆောင်ကတ်ပြားများဖြင့် အဆောက်အအုံဆောက်လုပ်သူ

တရုတ်နိုင်ငံ မကာအိုဒေသမှ ဘရစ်အမည်ရှိ လူငယ်တစ်ဦးက လက်ဆောင်ကတ်ပြားလေးများစွာဖြင့် မျှော်စင်များ၊ တံတားများနှင့် ပလာဇာများကို အောင်မြင်စွာတည်ဆောက်နိုင်ခဲ့သည်။ ယင်းအဆောက်အအုံများကို ကတ်ပြားပေါင်း ၁၉၀၀၀၀ဖြင့် ၄၄ရက်ကြာ မနားတမ်း တည်ဆောက်ခဲ့သူဖြစ်ရာ ကမ္ဘာပေါ်တွင် လက်ဆောင်ကတ်ပြားလေးများဖြင့် အဆောက်အအုံများစွာ ဆောက်လုပ်နိုင်သူအဖြစ် မှတ်တမ်းတင်ခြင်း ခံရသည်။ (အောက်ပုံ) (အင်တာနက်)



ကီရီဘာတီသမ္မတနိုင်ငံ ဆိုသည်မှာ....

နိုင်ငံတကာသတင်းအက်ဆေး

ကီရီဘာတီသမ္မတနိုင်ငံသည် ပစိဖိတ်သမုဒ္ဒရာအလယ်ပိုင်းဒေသတွင် တည်ရှိသည်။ ဂီးလ်ဘတ်ကျွန်းများဟု ခေါ်တွင်ခဲ့သည့် ဤနိုင်ငံကို သန္တာကျောက်တန်း ၃၃ ခုဖြင့် စုဖွဲ့ထားပြီး ပစိဖိတ်သမုဒ္ဒရာတွင် ကျယ်ပြန့်သောနေရာကို ရယူထားသည်။ အရှေ့နှင့် အနောက် ကီလိုမီတာ ၄၀၀၀နီးပါးနှင့် တောင်နှင့်မြောက် ကီလိုမီတာ ၂၀၀၀ကျော် ကျယ်ပြီး အီကွေတာကို ခွာတိုင်းထားသည်။

၁၉၇၉ခုနှစ်တွင် ဤနိုင်ငံသည် ဗြိတိန်နိုင်ငံလက်အောက်မှ လွတ်လပ်ရေးရရှိခဲ့သည်။ ကျွန်းအများအပြားမှာ လူသူမနေဘဲ ပင်လယ်ရေမျက်နှာပြင်အောက် အလွယ်တကူရောက်သွားနိုင်လောက်အောင် မြေမျက်နှာပြင် နိမ့်ကျလျက်ရှိသည်။

စာရင်းသွင်း

၁၁ရာစုနှင့် ၁၄ရာစုအတွင်း ဤကျွန်းများသို့ ဆာမိုအာကျွန်းသားများ ပြောင်းရွှေ့လာခဲ့သည်။ ထို့နောက် ဖီဂျီကျွန်းသားများနှင့် တွန်ဂါကျွန်းသားများ လာရောက်အခြေချသည်။ ၁၈၂၀ပြည့်နှစ်တွင် ဩစတြေးလျမှ တရုတ်ပြည်သို့အသွား လမ်းခရီး၌ ဗြိတိန်မာလိန်မှူး ဂီးလ်ဘတ် တွေ့ရှိခဲ့သော ကျွန်းအချို့ကို ဂီးလ်ဘတ်ကျွန်းစုဟုခေါ်တွင်ပြီး ၁၈၉၂ခုနှစ်တွင် အစောင့်အရှောက်ခံ နယ်ပယ်အဖြစ် ကြေညာသည်။ အလားတူ အနီးရှိ အဲလစ်ကျွန်းစု(ယခုအခါ တူဗာလူးကျွန်းစု)ကိုပါ ဗြိတိသျှတို့လက်အောက် စာရင်းသွင်းလိုက်သည်။

၁၉၄၃ခုနှစ်တွင် ဗြိတိသျှလက်အောက်ခံ ဂီးလ်ဘတ်ကျွန်းစုနှင့် အဲလစ်ကျွန်းစုတို့ကို ဂျပန်တပ်များက သိမ်းယူသည်။ ၁၉၇၅ ခုနှစ်တွင် ဗြိတိသျှ ကိုလိုနီနယ်ကို ဂီးလ်ဘတ်ကျွန်းများနှင့် အဲလစ်ကျွန်းများဟူ၍ နှစ်ပိုင်းကွဲသွားသည်။ ၁၉၇၇ခုနှစ်တွင် ဂီးလ်ဘတ်ကျွန်းစုသည် ကိုယ်ပိုင်အုပ်ချုပ်ခွင့် ရရှိသည်။ ၁၉၇၉ခုနှစ် ဇူလိုင်လတွင် နေသဟာယအဖွဲ့အတွင်း၌ သမ္မတနိုင်ငံအဖြစ် လွတ်လပ်ရေးရရှိခဲ့သည်။ ဂီးလ်ဘတ်ကျွန်းစုမှ ကီရီဘာတီသမ္မတနိုင်ငံအဖြစ် အမည်ပြောင်းလိုက်သည်။

အနားယူ

အီနီးမီးယားအာဘေး ပထမဆုံးသမ္မတဖြစ်လာသည်။ ၁၉၈၂ခုနှစ်တွင် ပထမဆုံး ရွေးကောက်ပွဲကျင်းပသည်။ ၁၉၉၁ခုနှစ်တွင် ပထမသမ္မတအာဘေး သုံးကြိမ်တိုင် တာဝန်ထမ်းဆောင်ပြီး အနားယူသည်။

ထုတ်ပြန်ကြေညာ

၁၉၉၉ခုနှစ်တွင် ခရီးသွားလုပ်ငန်းမြှင့်တင်ရေးအတွက် ကယ်ရိုလင်းကျွန်းကို ထောင်စုနှစ်ကျွန်းဟူ၍ အမည်ပြောင်းသည်။ ထိုနှစ် စက်တင်ဘာလတွင် ဤနိုင်ငံ ကုလသမဂ္ဂအဖွဲ့ဝင်ဖြစ်လာခဲ့သည်။ တိုကျိုသဘောတူညီချက်ကို လက်မှတ်ထိုးရန် ငြင်းပယ်သည့်အတွက် အမေရိကန်နိုင်ငံကို တရားစွဲဆိုရန် ဤနိုင်ငံက တူဗာလူးနိုင်ငံ၊ မော်လဒိုက်သမ္မတနိုင်ငံတို့နှင့်အတူ ဆုံးဖြတ်ကြောင်း ၂၀၀၂ခုနှစ် မတ်လတွင် ထုတ်ပြန်ကြေညာသည်။

ထူထောင်

၂၀၀၆ခုနှစ် မတ်လတွင် ဤနိုင်ငံက ကမ္ဘာ့တတိယအကြီးဆုံး အဏ္ဏဝါသီးသန့်ဇုန်နယ်မြေကို ထူထောင်သည်။ ဖိုးနစ်ကျွန်းစုတစ်ဝိုက် ငါးဖမ်းခွင့်ပိတ်ပင်သည်။ ထိုဒေသ၌ ငါးနှင့် သန္တာမျိုးစိတ် ရာပေါင်းများစွာရှိသည်။

တောင်ပစိဖိတ်တွင် အကြီးဆုံးအဏ္ဏဝါသီးသန့်ဇုန်တည်ရှိရာ နိုင်ငံဖြစ်သည်။ စီးပွားရေးမှာ အုန်းသီးထွက်ရှိမှုအပေါ် အဓိကအားထားရသည်။ ကမ္ဘာ့အုန်းသီးဝယ်လိုအားအပေါ်တွင် ဈေးနှုန်းအတက်အကျကြုံရသည်။

ကျဆင်းလာ

နိုင်ငံခြားအထောက်အပံ့နှင့် ပြည်ပသို့သွားရောက် အလုပ်လုပ်ကိုင်သည့် ပြည်သူများ၏ ပြန်ပို့ငွေ၊ ဘာနာဘာကျွန်းမှ မီးစုန်းတူးဖော်ရေးလုပ်ငန်းတို့မှာ အဓိကဝင်ငွေများဖြစ်သည်။ သို့သော် ၁၉၈၀ပြည့်နှစ်တွင် မီးစုန်းထွက်ရှိမှု သိသိသာသာကျဆင်းလာသည်။

အလားအလာကောင်း

ဤနိုင်ငံ၏ ကျွန်းအများအပြားမှာ လူသူနေထိုင်ခြင်းမရှိ။ ခရီးသွားလုပ်ငန်းအတွက် သဘာဝကပေးသော အခြေခံကောင်းများကို အကျိုးရှိရှိအသုံးပြုနိုင်လျှင် အနာဂတ်တွင် အလားအလာကောင်းများ ရှိလာနိုင်မည်ဖြစ်သည်။ ။

ကိုးကား - အင်တာနက်

တိုးရေးသားသည်



ကီရီဘာတီသမ္မတနိုင်ငံသည် ပစိဖိတ်သမုဒ္ဒရာအလယ်ပိုင်းဒေသတွင် တည်ရှိ၊ ဂီးလ်ဘတ်ကျွန်းများဟု ခေါ်တွင်ခဲ့သည့် ဤနိုင်ငံကို သန္တာကျောက်တန်း ၃၃ခုဖြင့် ဖွဲ့စည်းထားပြီး ပစိဖိတ်သမုဒ္ဒရာတွင် ကျယ်ပြန့်သောနေရာကို ရယူထား၊ အရှေ့နှင့် အနောက် ကီလိုမီတာ ၄၀၀၀နီးပါးနှင့် တောင်နှင့်မြောက် ကီလိုမီတာ ၂၀၀၀ကျော် ကျယ်ပြီး အီကွေတာကို ခွာတိုင်းထား။

ဟာသဇာတ်လမ်း ဝအမောပြေ

ဒါကြောင့်ပါ....

အသက် ၅၅နှစ်အရွယ် အမျိုးသားတစ်ဦးသည် ဆရာဝန်ထံရောက်ရှိလာပြီး အောက်ပါအတိုင်း အကူအညီတောင်းလေသည်-

အမျိုးသား ။ ။ "ကျွန်တော့် နားနှစ်ဖက်စလုံးဘာမှ မကြားရဘူးဒေါက်တာ၊ ကူပေးပါဦး"

ဒေါက်တာ ။ ။ စမ်းသပ်ပြီးနောက်....
"ကဲ-နားနှစ်ဖက်စလုံး ပုံမှန်အတိုင်း ပြန်ကြားနိုင်အောင် ဆေးထည့်ပေးလိုက်မယ်။ ချက်ချင်းပြန်ကောင်းသွားမှာပါ" ဟုပြောကာ ဆေးထည့်ပေးသည်။

အမျိုးသား ။ ။ "ဟာ-အသံတွေ ပြန်ကြားရပြီ။ ဝမ်းသာလိုက်တာ ဒေါက်တာရယ်" ဟုပြောကာ ဝမ်းမြောက်ဝမ်းသာ အိမ်ပြန်သွားလေသည်။ တစ်လခန့်ကြာသော်... ဆရာဝန်ထံ ပြန်ရောက်လာပြန်ရာ....။

အမျိုးသား ။ ။ "ဒေါက်တာ...ကျွန်တော့်နားတွေ အရင်လိုမကြားနိုင်အောင်ပြန်လုပ်ပေးပါ"

ဒေါက်တာ ။ ။ "ဘာဖြစ်လို့လဲ၊ အကောင်းကို အဆိုးမလုပ်ပါနဲ့ဗျာ"

အမျိုးသား ။ ။ "နားတွေ ပြန်ကြားတဲ့နေ့ကစပြီး ကျွန်တော့်ဇနီးက နေ့တိုင်း နားပူနားဆာလုပ်တဲ့ အသံကို မခံစားနိုင်တော့လို့ပါ"

ဒေါက်တာ ။ ။ "ဗျာ...."

13-2 (15).pmd 1 2/13/2010, 1:47 AM

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- ■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

၂၀၁၀ခုနှစ် (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနား နေပြည်တော် မြို့တော်ခန်းမ၌ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၂

ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေး၊ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း ပြည်ပအဖျက်သမားများ၏အန္တရာယ်ကို တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုဖြင့် *စာမျက်နှာ ၄ ကော်လံ ၁* ■

မြန်မာ့အလင်း
(၆၃) နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြု

❖ တူညီသည့် အကျိုးစီးပွား၊ ခွဲခြားမရသည့် ရေမြေ၊ မျှဝေခံစားရမည့် ကံကြမ္မာနှင့် အနာဂတ်နိုင်ငံတော်
စည်သူအောင်၏ ဆောင်းပါး စာ-၈၊ ၉

❖ ဖွံ့ဖြိုးတိုးတက်မှု အလှပန်းများ ပွင့်လန်းဝေဖြာနေသော ပြည်ထောင်စုဥယျာဉ်အတွင်းမှ ရှမ်းပြည်နယ်မြင်ကွင်း
မောင်မောင်မြင့်ဆွေ၏ သတင်းဆောင်းပါး စာ-၆၊ ၇၊ ၁၀

❖ ပြည်ထောင်စုပန်းခင်း
နန်းမွန်ဟိန်း၏ ကဗျာ စာ-၉

❖ နီးလျက်နဲ့ မဝေးတော့ပါ
ဝေရှင်၏ ကာတွန်း စာ-၉

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ၂၀၁၀ခုနှစ် (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာကို ၂၀၁၀ခုနှစ် (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး ဖတ်ကြားစဉ်။ (သတင်းစဉ်)